www.burmeseclassic.com

စာပေဗိမာန် စာမူဆုရ

# သစ္စာရိပ်မြုံ ပန်းမှုန်နံ့လှိုင်

## ကဗျာများ



ဇာနည်

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၂ ခုနှစ်၊ စာပေဗိမာန် စာမူဆု

ကဗျာပေါင်းချုပ်

တတိယဆုရ

# ''သစ္စာရိပ်မြုံပြန်းမှုန်နံ့လှိုင်''

## ကဗျာများ

BURMESE CLASSIC

ဇော်နည်

စိစဉ်တည်းဖြတ်သူ - ဦးစန်းတင့် (တက္ကသိုလ်ဆန်းတင့်နိုင်)

စာတည်း

အဖုံးဒီဇိုင်း - စန်းငွေး

စာပေဗိမာန်ထုတ် [illegible]

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၄ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၁၀၀၀

တန်ဖိုး (၂၆၅) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေဗိမာန် စာတည်းမှူးချုပ် ဦးမောင်လှိုင် (မောင်ခွေးငယ်) က
မှတ်ပုံတင်အမှတ် ၀၇၄၉၂ ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ဆုမွန်လွှာ

မြတ်ဗုဒ္ဓ၏ သစ္စာအလင်းတန်း ခြုံလွှမ်းပါသော

ဤလောကရိပ်မြုံဝယ် -

စာဆို၏ရင်မှ ဝေဒနာ၊ စေတနာ ခံစားသိကျူးဖွဲ့သီဖြစ်ပေါ်လာသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့များ တည်တံ့ထွန်းကားစေရေး၊ တိုင်းရင်းသား လူမျိုးများ စည်းလုံးညီညွတ်ရေး၊ မျိုးချစ်စိတ်ဓာတ်နှင့် တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်များ ရင့်သန်ထက်မြက်စေရေး၊ နည်းမှန်လမ်းကျသော အသိအမြင် ဗဟုသုတများ တိုးပွားလာစေရေး၊ အတွေးအခေါ် အတွေးအမြင် ကြည်လင်မှန်ကန်ထက်မြက်၍ အသိဉာဏ်ဖွံ့သန်တိုးတက်ရေး၊ ကိုယ်ကျင့်တရား ကောင်းမွန်မှန်ကန်ရေးနှင့် အကျင့်စာရိတ္တ ဖြူစင်သန့်ရှင်းရေး၊ ဘာသာ၊ သာသနာ သန့်ရှင်းတည်တံ့ ပြန့်ပွားရေးနှင့် နိုင်ငံတော်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာစာပေနှင့် မြန်မာ့ရိုးရာ သုခုမအနုပညာများ ဖွံ့ဖြိုး တိုးတက်စေရေး၊ ဆရာနှင့် တပည့်၊ မိဘနှင့် သားသမီး မိသားစု ချစ်ကြည် လေးစားမှုရှိရေး၊ မြန်မာ့လယ်ယာဓလေ့ ချစ်ကြည်မွေ့ရေး၊ လိုက်နာပြုပြင်ဖွယ်၊ သတိပြုဆင်ခြင်ဖွယ်၊ သံဝေဂရဖွယ်၊ ရင်ခုန်ဆွတ်ပျံ့ဖွယ်၊ ပျူငှာယဉ်ကျေးဖွယ်၊ ကျေနပ်အားရဖွယ်၊ ပျော်ရွှင်ချမ်းမြေ့ဖွယ်၊ မြတ်နိုးတွယ်တာဖွယ်၊ ဝမ်းမြောက်ကြည်နူးဖွယ် - အေးတိ၊ ရသ၊ အလင်္ကာ၊ ယန်းမှုန်နံ့တို့သည် သင်းပျံ့မွှေးကြိုင် လှိုင်ပါစေသတည်း။

---

ဇာနည်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | ကဗျာအမည် | စာမျက်နှာ |
|---|---|---|
| | **အခန်း (၁)** | |
| ၁။ | သစ္စာရိပ်မြုံ | ... ၁ |
| ၂။ | ပန်းမှုန်နံ့လှိုင် | ... ၂ |
| ၃။ | အလှရာသီ တို့မြန်ပြည် | ... ၃ |
| | **အခန်း (၂)** | |
| ၄။ | ကလျာမိုး | ... ၇ |
| ၅။ | ရတနာ | ... ၉ |
| ၆။ | သင်္ကေတ | ... ၁၀ |
| ၇။ | မြန်မာ့စံပယ် | ... ၁၁ |
| ၈။ | စွမ်းအား | ... ၁၃ |
| ၉။ | ရနံ့မြေ | ... ၁၄ |
| ၁၀။ | အားမာန် | ... ၁၅ |
| ၁၁။ | ကိုယ်ပိုင်အလင်းနှင့် စွမ်းအားရှင်များ | ... ၁၆ |
| ၁၂။ | အကောင်းအဆိုး | ... ၁၉ |
| ၁၃။ | မြစ်ရော နဒီလမ်း | ... ၂၁ |


www.burmeseclassic.com

www.burmeseclassic.com


၁၄။ ကမ္ဘာ့စာအုပ်ကြီး ··· ၂၃

၁၅။ နွေအလွမ်း ··· ၂၅

၁၆။ မိုးအညာ ··· ၂၆

၁၇။ အညာဆောင်း ··· ၂၇

၁၈။ ယာစောင့် လယ်စောင့်တဲ ··· ၂၈


## အခန်း (၃)


၁၉။ မလေ့ဂုဏ် ··· ၂၉

၂၀။ ဘုန်းကြီးကျောင်းသား ··· ၃၁

၂၁။ သည်ဆည်နှင့် သည်နယ် ··· ၃၃

၂၂။ အလှမြေ ··· ၃၆

၂၃။ ရွာသဘော ရွာမနော ··· ၃၈

၂၄။ ရင်ခုန်ည ··· ၄၀

၂၅။ ခြင်းဝိုင်း ··· ၄၂

၂၆။ အညာရပ် ဝါတွင်းချိန် ··· ၄၄

၂၇။ ဆိပ်ကမ်းအလှ ပန်းချီ ··· ၄၅

၂၈။ အမေ့အိမ်က ရစ်ခုံလေး ··· ၄၆

၂၉။ အညာနှင့်ဝါ ··· ၄၈

၃၀။ အညာထန်းသမား မိသားစု ··· ၅၀


www.burmeseclassic.com

www.burmeseclassic.com

၃၁။ ခလေ့ဆန်းသည့် ဆီဆွမ်းအလှူ ... ၅၂
၃၂။ နှီးရေခွက် ... ၅၄
၃၃။ ရွှေမိုးညို ... ၅၆

## အခန်း (၄)

၃၄။ တန်ဖိုး ... ၅၈
၃၅။ သဘာဝ ... ၅၉
၃၆။ ကိုယ်ခံအား ... ၆၁
၃၇။ လမ်း ... ၆၂
၃၈။ အသိပြိုး ... ၆၃
၃၉။ အကာအနှစ် ... ၆၅
၄၀။ ဘဝမိုးတိမ် ... ၆၆
၄၁။ ပါးစပ်ရာဇဝင် ... ၆၇
၄၂။ သံသရာ ... ၆၉
၄၃။ ပန်းတိုင် ... ၇၀
၄၄။ နှုတ်ဆက်ခြင်း ... ၇၁
၄၅။ ခြေတစ်လှမ်း ... ၇၂
၄၆။ ရွှေပုပ္ပါး ... ၇၄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)


၄၇။ တာဝရမေတ္တာ ... ၇၆

၄၈။ သားနဲ့သမီး ... ၇၇

၄၉။ အဖေ ... ၇၈

၅၀။ အမေ့ထမင်းဝိုင်း ... ၈၀

၅၁။ မိသားစု မြန်မာ့ဓလေ့ ... ၈၂

၅၂။ လင်ဆိုးမယား ... ၈၄

၅၃။ သားဆိုးမအေ ... ၈၅

၅၄။ မြို့ပျော်သား ... ၈၆

၅၅။ ရွာကငယ်ပေါင်း ... ၈၈

၅၆။ ပြောလိုက်ပါ့ အိုမုတ်သုံ ... ၉၀

၅၇။ ယာချစ်သူ ... ၉၂

၅၈။ ရောဂါဆိုးကို ကာကွယ်ပါ ... ၉၄

၅၉။ ခွင့်လွှတ်တယ် သား ... ၉၅


## အခန်း (၆)


၆၀။ လွှမ်းရိပ်အသိ ... ၉၇

၆၁။ ရမ္မက်ကျွန် ... ၉၉


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၆၂။ | ခရီးအကန့် | ... ၁၀၀ |
| ၆၃။ | လျှာနှင့်သွား | ... ၁၀၁ |
| ၆၄။ | လောကဝန်းကျင် | ... ၁၀၂ |
| ၆၅။ | နေညိချိန် | ... ၁၀၃ |
| ၆၆။ | အနိုင်အရှုံး | ... ၁၀၄ |
| ၆၇။ | ဖြူအမှောင် | ... ၁၀၅ |
| ၆၈။ | အပြန်ခရီး | ... ၁၀၇ |
| ၆၉။ | ချစ်အစွဲ | ... ၁၀၉ |
| ၇၀။ | ချိုးငှက်သို့ | ... ၁၁၁ |
| ၇၁။ | ငွေလုပ်အားနှင့် ငွေစပါး | ... ၁၁၃ |
| ၇၂။ | မိုက်မလင်းပေဘူး | ... ၁၁၅ |


အခန်း (၇)


| | | |
|---|---|---|
| ၇၃။ | နှိုင်းတုမမြင် | ... ၁၁၆ |
| ၇၄။ | အလှစွမ်းရည် | ... ၁၁၇ |
| ၇၅။ | အလင်း | ... ၁၁၈ |
| ၇၆။ | တရားရင်ဆိုင် ဝါဒပြိုင်သော် | ... ၁၂၀ |
| ၇၇။ | မိဂဒါ | ... ၁၂၂ |
| ၇၈။ | အေးရိပ်မြို | ... ၁၂၄ |


www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| ၇၉။ | ပြန်ပါမိုး | ...၁၂၅ |
| ၈၀။ | ပန်းတို့သခင် | ...၁၂၇ |
| ၈၁။ | မြတ်ဆရာ | ...၁၂၉ |
| ၈၂။ | မြတ်ဂုဏ်ရည် | ...၁၃၂ |
| ၈၃။ | ပုဂံအားမာန် | ...၁၃၄ |


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## ၁။ သစ္စာရိပ်မြုံ
(ရှစ်လုံးဖွဲ့သံဆန်း)

* သမင် ဥဒေါင်း၊ သားပေါင်းအစုံ
လေချိုနုရွှ၊ ပန်းလှမွှေးထုံ
နေညိုရောင်သင်း၊ လမင်းသာကြှုံ
ဝါဆိုလပြည့်၊ ချမ်းမြေ့ရကုံ
အစွန်းနှစ်ပါး၊ ရင်းဖျားပယ်ပုံ
လမ်းစဉ်လယ်လတ်၊ ကျင့်မြတ်ဖုံဖုံ
သစ္စာစွမ်း၊ ဖြန့်လွှမ်းမိဂဒါဝုန်၊
အလင်းတန်း၊ ငြိမ်းချမ်းသည့်ရိပ်မြုံ ။



www.burmeseclassic.com

www.burmeseclassic.com

# ၂။ ပန်းမှုန်နံ့လှိုင်

## (တေးချိုး)

* မိုးသောင်းနွေ ရာသီကူး
မြူးကြွသည့် မြဂနိုင်
ပန်းမှုန်နံ့လှိုင်။

* ဖူးငုံပွင့် အနိုင်အနိုင်
အပြိုင်အဆိုင် လေပြည်ပျံ့။

* ဆန်းသစ်မှု ...
ပန်းချစ်သူ ကြည်ဖြူအလှတို့
လှမ်းဆွတ်ချူ ညီတူဘာဝမှာ
မနောဟာဒယ အသန့်အသန့်ရယ်နှင့်
လောကအနှံ့ ...။ ။



www.burmeseclassic.com

www.burmeseclassic.com

# ၃။ အလှရာသီ တို့မြန်ပြည်

(ကာချင်း)

* အလှစုံညီ
တို့ပြည်လော၊ တို့ပြည်လော
ဟုတ်တည်း၊ နောင်ရင်း နောင်ရင်း
ဟုတ်တည်း၊ ညီရင်း ညီရင်း
အလှရာသီ၊ တို့ပြည်တို့ပြည်။

* ကံ့ကော်ပွင့်ဖူး၊ လတန်ခူး
နှစ်ကူးသင်္ကြန်၊ ပိတောက်ပန်
မြန်ပြည်ခြိမ့်သဲတယ်၊ ခြိမ့်သဲတယ်။

* စကားပွင့်လှ၊ ကဆုန်လ
ဗုဒ္ဓရည်ညွှန်း၊ ညောင်ရည်သွန်း
ထုံမွှမ်းအေးမြတယ်၊ အေးမြတယ်။

* စံပယ်မွှေးထုံ၊ လနယုန်
အာဂုံဆင်နွှဲ၊ စာပြန်ပွဲ
စဉ်မြဲကျင်းပတယ်၊ ကျင်းပတယ်။



www.burmeseclassic.com

www.burmeseclassic.com

* မြတ်လေးသင်းသင်း၊ ဝါဆိုခင်း
ပဒ္ဒင်းတော်ခံ၊ ခြိမ့်ခြိမ့်ညံ
နိုင်ငံတင့်လှတယ်၊ တင့်လှတယ်။

* ပွင့်ကြခတ္တာ၊ ဝါခေါင်မှာ
စာရေးတံမဲ၊ ပြည်လုံးနွဲ့
ထူးကဲမွန်မြတ်စွာတယ်၊ မွန်မြတ်တယ်။

* ရင်းမာပျံ့သင်း၊ တော်သလင်း
မြစ်တွင်းကြည်လင်၊ လှေသဘင်
ဆင်ယင်ကျင်းပတယ်၊ ကျင်းပတယ်။

* ရွှေကြာပွင့်သင်း၊ ကျွတ်သီတင်း
မိုးကင်းသည့်ချိန်၊ ဆီမီးထိန်
ဦးနှိမ်ညွှတ်တွားတယ်၊ ညွှတ်တွားတယ်။

* ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်း
ရှေးထုံးသည်ချိန်၊ လျှုကထိန်
ဂုဏ်ရှိန်ဝင့်တော့တယ်၊ ဝင့်တော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

*    သစ္စင်မွှေးမြ၊ နတ်တော်လ
ထွန်းပခြိမ့်သဲ၊ စာမေးပွဲ
ထူးကဲမြင့်မြတ်တယ်၊ မြင့်မြတ်တယ်။

*    ပွင့်ကြခွာညို၊ လပြာသို
နှပျိုဆင်နွှဲ၊ မြင်းခင်းပွဲ
အားခဲပြိုင်ကြတယ်၊ ပြိုင်ကြတယ်။

*    ရာသီပေါက်လဲ၊ တပို့တွဲ
ထမနဲယှဉ်၊ ပြိုင်ပွဲဝင်
ချစ်ခင်စည်းလုံးတယ်၊ စည်းလုံးတယ်။

*    သရဖီမွှေးမြ၊ တပေါင်းလ
ကျင်းပဆင်နွှဲ၊ သဲပုံပွဲ
လက်တွဲညီကြတယ်၊ ညီကြတယ်။

*    ဆယ့်နှစ်လရာသီ၊ တို့မြန်ပြည်
စုံညီကျင်းပ၊ ပွဲတော်လ
အလှရှုခင်းကြွယ်၊ ရှုခင်းကြွယ်။

*    အလှရာသီ၊ တို့မြန်ပြည်
ကြည်သာချမ်းမြေ့၊ ပျော်ရွှင်မွေ့
ဓလေ့မြတ်နိုးဖွယ်၊ မြတ်နိုးဖွယ်။



www.burmeseclassic.com

www.burmeseclassic.com

* မြူး ဝင့် လော။

* ထူး တင့် လော။

* ကျူး ရင့် လော။

▲▲▲▲▲▲▲▲



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

## ၄။ ကလျာမိုး

*　ကလျာမိုး … ငဲ့
ချစ်ကြိုးသွယ်နှောင်၊ အနောက်တောင်မှ
ညိုမှောင်ရီပြာ၊ ဇာပဝါဖြင့်
ဝဠာညွန့်ဖူး၊ လေပြည်မြူးလျက်
ရင့်ကျူးသံစုံ၊ တို့ရပ်ဘုံကို
မုတ်သုံစောင်းနှင့် ဖွင့်ပါမိုး … ။

*　ကလျာမိုး … ငဲ့
စောင်းကြိုးတီးခတ်၊ တေးချင်းစပ်၍
သည်ရပ်ဟိုနယ်၊ မရှောင်ဖယ်ဘဲ
လျှပ်နွယ်ဝင့်ဖြိုး၊ အားသစ်တိုးလျက်
အကျိုးများရန်၊ မိုးမြားတံဖြင့်
မြေယံအရောက် ဖောက်ပါမိုး … ။

*　ကလျာမိုး … ငဲ့
နီးကြားအမှန်၊ ဖြိုးအားသန်၍



www.burmeseclassic.com

www.burmeseclassic.com

ပြည့်လျှံတိုးမောက်၊ မချိုးဖောက်ဘဲ
ချင့်ထောက်ဝေဖန်၊ တိမ်ယံလည်ဆွဲ
ပုလဲတစ်လုံး၊ ရွှဲတစ်လုံးမျှ
ပတ်ကုံးဝန်းကျင် ဆင်ပါမိုး … ။

* ကလျာမိုး… ငှဲ
မျှော်ကိုးတွယ်တာ၊ ချစ်မေတ္တာဖြင့်
လယ်ယာအဝန်း၊ လယ်စခန်းမှ
လုပ်ငန်းတီထွင်၊ ဖန်တီးရှင်တို့
စွမ်းအင်အလှ၊ လွှမ်းဆင်သရန်
မွေးမြူထုံကြည်၊ မိုးဝတ်ရည်ဖြင့်
လိုသည်မရှိ၊ ပိုမည်သိလျက်
ပီတိလှိုင်းယဉ်၊ ပြည်သူ့ရင်ဝယ်
နိုဝင်ကြည်သာ ရွာပါမိုး … ။



www.burmeseclassic.com

www.burmeseclassic.com

# ၅။ ရတနာ

* ကိုယ်ပိုင်ရှေးရှု၊ ယဉ်ကျေးမှုဟု
အနုပညာ ရတနာ ... ။

* ကိုယ့်ယဉ်ကျေးမှု
ဖွံ့ စုနှောင်ချည်၊ ခိုင်ခံ့တည်လျက်
ဝေစည်ဖွံ့ဖြိုး၊ ကိုယ့်အားကိုးမှ
မျိုးဂုဏ်လျှမ်းတင့် စွမ်းရည်မြင့် ... ။

* ကိုယ့်ယဉ်ကျေးမှု
စေ့ငုစုံညီ၊ မရပ်တည်ဘဲ
သွေဖည်ဖျက်ချိုး၊ အတုခိုးက
မျိုးဂုဏ်မလှ စွမ်းရည်ကျ ... ။

* နိုင်ငံတစ်ခု၊ လူမျိုးတစ်စုကို
အနုပညာ၊ ရတနာတို့
ထည်ဝါဖွံ့စု၊ ယဉ်ကျေးမှု
ညွန်းပြသက်သေ တည်လျက်ပင် ... ။



www.burmeseclassic.com

www.burmeseclassic.com

## ၆။ သင်္ကေတ

*   နေ့ကိုမမှု၊ ဖက်ပြိုင်တု၍
ရွက်နုရွှန်းစို၊ အေးရိပ်ချိုလျက်
ပင်ပျိုထနောင်း၊ အားသစ်လောင်းသည်
လမ်းကြောင်းဘေးတွင် အလှဆင် ... ။

*   မခွဲမခြား၊ ခရီးသွားတို့
နားခိုလန်းဆေး၊ အပန်းပြေဖို့
ရေချိုအေးလောင်း၊ အားပြည့်ကြောင်းပေါ့
ထနောင်းရိပ်တွင် ရေချမ်းစင် ... ။

*   နှလုံးစိတ်ဝမ်း၊ မေတ္တာလွှမ်းသည့်
ငြိမ်းချမ်းအေးမြ၊ သင်္ကေတ လေ
အလှစေတနာ၊ ပြည်မြန်မာဝယ်
ရှည်ကြာစေလော့၊ ကြည်သာမွေ့လျက်
ချစ်ငွေ့ပိုက်ခဲ့ စွဲတော့၏ ... ။ ။



www.burmeseclassic.com

www.burmeseclassic.com

# ၇။ မြန်မာ့စံပယ်
(ဝဲရိုက်ဝဲသွင်းချိုး)

*　စံပယ်ဖြူ
ကြူပါပေ့၊
ဂုဏ်မြင့်မြတ်
ရပ်ခလေ့။

*　ကိုယ့် ရေမြေ
ခြေနေတင့်၊
လေပြည်မြူး
ဖူးငုံပွင့်။

*　သူ့မူဟန်
စံခလေ့၊
ရည်မွှော်မှန်း
လမ်းမကွေ့။

*　သူ့အသွင်
ထင်မကြီး၊
အရောင်ပြူ
တုမမှီး။



www.burmeseclassic.com

www.burmeseclassic.com

# ၉။ ရန့်မြေ

*　　အဝေးနယ်မှ –

မြေးငယ်လက်ဆွဲ၊ ရပ်ကွက်ထဲ၌

ကွဲကွာဆွေမျိုး၊ တွေ့လိမ့်နိုးဖြင့်

မျှော်ကိုးရှာ၍၊ ယောင်ချာချာတည့်

ဗျာပိုရှိက်ငို အသွားအို ····။

*　　အကြောင်းစုံသိ၊ ပိုင်းအုံကြည့်၍

မချည့်ဝေဒနာ၊ ကိုယ်ချင်းစာလျက်

ကြင်နာသနား၊ မေတ္တာထား၏

အစားအသောက်၊ ပေးကမ်းထောက်၍

စောင့်ရှောက်ကျွေးမွေး၊ ကူမဖေးလျက်

အားပေးယုယ ပြုစုကြ၏။

*　　မြန်မာ့မေတ္တာ၊ စေတနာတို့

ကရုဏာငင်၊ သံယောဇဉ်တို့

ကြင်နာပေးကမ်း၊ အံ့မခန်းပင်

စွမ်းအားထုံဘိ၊ ဘယ်မှာရှိလိမ့်

မွေးသည့်လှသည့် ရန့်မြေ ···။



www.burmeseclassic.com

www.burmeseclassic.com

## ၁၀။ အားမာန်

* မြို့နှင့်ကွာလှမ်း
စိမ့်စမ်းထပ်ထပ်၊ တောတောင်ဖြတ်လျက်
တောရပ်စွန်ဖျား၊ ခရီးသွားရင်း
နားခိုခဲ့ရာ ကျေးလက်ရွာ … ။

* ပဝေသဏီ၊ နှစ်ပေါင်းရှည်သည့်
စေတီတန်ဆောင်း၊ ရွာထိပ်ကျောင်းတွင်
ယောင်းနွှမ်းယွင်းအို၊ ဆည်းလည်းချိုလျက်
ရိပ်ညိုအေးချမ်း၊ ငါ့စိတ်ဝမ်းတို့
မျှော်မှန်းဘယ်ဆီ လမ်းဝေ့သီ … ။

* အို - ကြည့်စမ်းရှုစမ်း၊ အံ့မခန်းပင်
ထက်စွမ်းလှပ၊ နုရှပညာ
မာလာကမ္ဗ၊ လတာကမ္ဗ
ပုဖွတင့်ဆန်း၊ ခြူးပန်းခြူးအိမ်
ပန်းလိမ်ပန်းတွန့်၊ ကွန်ရယွန့်လျက်
ခြူးခက်နွယ်သန်း၊ ပုံဘနန်းမျှ
တောက်ရွှန်းထည်ဝါ၊ ရှေးလက်ရာနှင့်
ကြာလေနုပျို တန်ဆောင်းအို … ။



www.burmeseclassic.com

www.burmeseclassic.com

*　　ယဉ်ကျေးမှုဟု
အနုပညာ၊ ရတနာတို့
ဆယ်ဖြာပန်းပွင့်၊ အားမာန်ဝင့်လျက်
ဂုဏ်တင့်ဝေစည်၊ တို့မြန်ပြည်ကား
ဘယ်ဆီဘယ်နား၊ ဘယ်သို့သွားလည်း
ရှည်လျားသမိုင်း၊ တုနှိုင်းဖွယ်ကင်း
ကြိုင်သင်းအနံ့၊ ဟိုသည်ပျံ့လျက်
ရနံ့သည်ဂုဏ်၊ ရင်တွေခုန်မိ
စွမ်းဟုန်မြင့်မား၊ မြန်ပြည်သားဟု
ဝင့်ကြွားဟစ်အော် မော်မိတကား ․․․․ ။



www.burmeseclassic.com

www.burmeseclassic.com

# ၁၁။ ကိုယ်ပိုင်အလင်းနှင့် စွမ်းအားရှင်များ

*	သီးခြားမူဟန်၊ စည်းဝါးမှန်နှင့်
ဌာန်ကရိုဏ်းကျ၊ စံတိုင်းအဆ
ကြည်မြသကို၊ ပီသချိုသည်
အဆိုတေးရှင်, ချိုတေးလွှင် .... ။

*	ကကြိုးကဟန်၊ စည်းကွက်မှန်နှင့်
နန်းဆန်အယဉ်၊ ပန်းဟန်အသွင်
ညင်သာအချိုးကျ၊ စဉ်အလာနိုးကြွ
အလှပီပြင်, အကရှင် .... ။

*	ကိုယ်ပိုင်တီထွင်၊ ကိုယ့်သံစဉ်နှင့်
ယဉ်ကျေးထုံတျာ၊ အစဉ်မွေးသံသာ
အသံရှာချိုအေး၊ ဉာဏ်အလှာဆိုတေး
အတွေးစာစီ, အရေးပါရမီ .... ။

*	တီးလုံးတီးကွက်၊ ကိုယ့်စည်းချက်နှင့်
လက်သံခြိမ့်ခြိမ့်၊ ဘဝင်လှုံဖိန့်
သိမ့်သိမ့်ရင့်ကျူး၊ ငြိမ့်ငြိမ့်ရွှင်မြူး
အထူးပိုင်နိုင်, အတီးမြိုင် .... ။



www.burmeseclassic.com

www.burmeseclassic.com

*　　ဆို က ရေး တီး -

အံ့ချီးဖွယ်စု၊ ယဉ်ကျေးမှုနှင့်
အနုပညာ၊ စဉ်အလာတို့
ရှိးရာခလေ့၊ သိမ်မွေ့ခက်ခဲ
နက်နဲပြန့်ကျယ်၊ သုခုမနယ်တွင်
အရှုယ်မမှုူး အစွမ်းပြသည့်
အလှပုံ့မွေး၊ တို့ရင်သွေးတို့
ရှုငေးတွေ့ရ၊ ထိုခဏဝယ် … ။

**　　မျိုးဆက်သစ်တို့ -

အနှစ်ကိုင်ဆုပ်၊ မတိမ်မြုပ်အောင်
ဖော်ထုတ်စွမ်းရည်၊ တို့ရွှေပြည်ဟု
ဝေစည်သာမော၊ အံ့ဩဖွယ်ကောင်း
နှစ်ထောင်းရှင်ပျူ၊ အားရဂုဏ်ဟည်း
ကြက်သီးဖြန်းဖြန်း၊ ကျောရင်ချမ်းလျက်
အံ့မခန်းမာန်ဆူ၊ မျိုးဂုဏ်ထူမိ
သည်းအူလှိုက်လှိုက်၊ ပီတိနိုက်၍
ကိုယ်၌သိမ့်သိမ့် စိမ့်တကား … ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၂။ အကောင်းအဆိုး

*	တစ်ကောင်ထိလျှင်
မချည့်အောင်နှာ၊ ဝိုင်းအုံအာလျက်
ညီညာအားတိုး၊ အသိနိုး၍
အမျိုးကိုချစ် ကျိုးစနစ် … ။

*	အစာတွေ့လျှင်
မကွေ့ရှောင်ပြီ၊ ဝိုင်းအုံချီလျက်
ညီညာထမ်းရွက်၊ ကာကွယ်လျက်ဖြင့်
ပုရွက်ဆိတ်ညဉ် စရိုက်ထင် … ။

*	ကိုယ့်နေရာကို -
ထည်ဝါခမ်းနား၊ တည်ဆောက်ထား၍
အင်အားညီညာ၊ ဝတ်ရည်ရှာသည်
ရန့်ကာမွှေ့မွှေ့ ပျားမလေ့ … ။

*	သက်ရှိသက်မဲ့၊ ဝန်းကျင်လှဲ့ (လှည့်) ၍
စောင်းငဲ့ကြည့်ပြန်၊ တိရစ္ဆာန်ပင်
နည်းမှန်လမ်းကြောင်း၊ စရိုက်ကောင်းက



www.burmeseclassic.com

www.burmeseclassic.com

ကောင်းသည့်ဟန်မူ၊ အတုယူ၍
ကြည်ဖြူမျှတ ကျင့်သုံးရ၏။

*　ယူသာယူပါ၊ ကောင်းနိုးရာတို့
တုသာတုပ၊ လိုက်ဖက်မှလျှင်
ဟိုမှသည်မှ၊ သဘာဝကို
အားကျခုံမင်၊ အလှထင်၍
မဆင်မခြင်၊ မနှိုင်းယဉ်ဘဲ
မြင်မြင်လေရာ၊ ဂုဏ်ယူရာဟု
အရာရာတု၊ ယဉ်ပြိုင်ပြုလျှင်
ရှေးရှုရယ်ပွဲ ဖြစ်ပေလိမ့် ... ။



www.burmeseclassic.com

www.burmeseclassic.com

# ၁၃။ မြစ်ရော နဒီလမ်း

(ဒွေးချိုး)

* ချစ်စေတနာ
မြစ်ရော နဒီကြော။
ရှခင်းစုံ အလှရိပ်
လွှမ်းစိတ်ရှမော။

* ရောထိပ် ဆိပ်ကမ်းပန်းချီ
ဆေးမမီ သဘာဝ။
ရိုးရာအသွင် ဘဝင်ငြိ
ရှုကြည့်မဝ။

* အနိမ့်အမြင့် တောင်တန်းပြာ
သွယ်တန်းကာ ရစ်ခွေဝိုက်။
ဘုရားစုံ ထွတ်ဘုံဦး
ကြည်နူးဦးခိုက်။

* မြစ်မင်းရဲ့ ဘယ်ညာ
မြကမ္ဘာ လေယူတိမ်း။
ကောက်သီးနှံ ဝေဆာလှ
စိမ်းမြမြစိမ်း။



www.burmeseclassic.com

www.burmeseclassic.com

*     တိမ်ရောင်ကွန့် ဖျော့တော့မှိန်
ဆည်းဆာချိန် လှေကလေး။
ကိုတံငါ ပိုက်ကွန်ချ
ဘဝဝမ်းရေး။

*     ရွာစဉ်တန်း အုံ့မှိုင်းပြာ
မြစ်ရော ကမ်းနံဘေး။
ထုံစေတီ ရေပ်ကျောင်းနှင့်
ဆည်းလည်းသံ လေပြန်လောင်း
ငြိမ့်ညောင်းသည့်တေး။

*     ဟို အဝေး မှန်းကာမျှော်
ရမ်းရော်ကာ ဘယ်ဝယ်ကြည့်။
အားသစ်စရာ
ကြွားဟာစ်ကာ ရောအကြောင်းကို
အများချစ်စရာ ဝေဖြာကောင်းပါလို့
ဂုဏ်ပေါင်းယူမိ ... ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၄။ ထမ္ဗွားစာအုပ်ကြီး

*  ရတနာပုံ မန္တလေးတဲ့
စခန်းမြွေးသည့် မင်းနေပြည်၊
သာသနာရောင် ထိန်ထိန်လင်းလို့
မင်းတုန်းမင်းကြီး စံဌာနီ … ။

*  လောကမာရဇိန် စေတီမြတ်ကို
မန်းတောင်ရပ်၌ အခြေတည်၊
စေတီဝန်းကျင် လှည့်ကာပတ်လို့
အုတ်ပြာသာဒ်တို့ တစ်ဆောင်စီ … ။

*  ကျောက်ဆစ်အကျော် လုပ်သားထုတို့
ကျွမ်းကျင်မှုနှင့် ရေးထိုးသည်၊
ပိဋကတ်ဘိဓမ္မာ သုတ္တန်မြတ်တို့
ပိဋကတ် ပါဠိစုံစုံညီ … ။

*  ကျောက်ချပ်စာရေ ပေါင်းကာတွက်တော့
ခွန်၊ နှစ်၊ ကိုး ရွက်ပါဝင်စီ၊
မိုးလုံလေလုံ နိုင်နိုင်ခံ့ခံ့
တည်တည်တံ့တံ့ နှစ်ကြာရှည် … ။



www.burmeseclassic.com

www.burmeseclassic.com

* ဝိဋကတ်သုံးပုံ စာအုပ်ကြီးကို
ကမ္ဘာ့အံ့ချီး သက်သေတည်၊
ယဉ်ကျေးမှုမြေ မွေ့အနှစ်မို့
ဂုဏ်အစစ်နှင့် အားမာန်ချီ။
တို့မြန်ပြည်၊ တို့မြန်ပြည် … ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၅။ နွေအလွမ်း

(လွမ်းချင်း)

*  မြူနှင်းငယ် လွမ်းပါလို့
တောင်တန်းက ရီဝေ
ရော်ရွက်တို့ ကြွေသည်
ဥသြနွေ လေပြည်ညင်းရယ်တို့
မြိုင်တွင်းမှာ သံချိုချိုနှင့်
စိုလှတယ်လေး … ။

*  ရှာဝန်းကျင်ဝယ်
တူယှဉ်အုံ့ဆိုင်း၊ ထန်းတောမှိုင်းလျက်
ရှုတိုင်းမြိုင်ခြေ၊ နီဝါရွှေတို့
ရွက်ကြွေလွင့်ဝဲ၊ ပျားလိပ်ပြာညံမစဲနှင့်
နီတာရဲပွင့်လှိုင်၊ ပင်လက်ပံကြိုင်၍
ဂနိုင်နယ်ခွင်၊ အလှဝေဆင်တော့တယ်
မြင်မြင်ရရှာဆီကို
မှိုင်းပြာရီ အာရုံညွတ်ပါလို့
လွမ်းဆွတ်တယ်လေး … ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၆။ မိုးအညာ

(လွမ်းချင်း)

* မိုးတိမ်ညို မှိုင်းပါလို့
ရစ်တိုင်းရယ် ပြာမှောင်
လျှပ်စီးငယ် နှောင်သည်
ရွာမယောင် သံစုံကျူးပါလို့
သုတ်ဖြူးလေ တောင်နယ်ခွင်က
ရှင်လှတယ်လေး … ။

* သည်ရာသီဝယ်
ခါမီခွန်အား၊ ယာသမားတို့
ကြိုးစားယာပြင်၊ ရွာဝန်းကျင်မှာ
ရေပြင်ကဖွေးဖွေး မိုးကအေးသနှင့်
ဆိုတေးသံလွမ်း၊ ကြည်နူးဖွယ်စခန်းမို့
လုပ်ငန်းရယ်ဖြိုးသန်
ကောက်သီးနှံ လျှံဖို့
မာန်မလျှော့ ကိုယ့်ရပ်ညာမှာ
လွမ်းစိတ်ဖြာ မျှော်ရည်တမ်းပါလို့
မှန်းမိတယ်လေး … ။



www.burmeseclassic.com

www.burmeseclassic.com

# ၁၇။ အညာဆောင်း

(လွမ်းချင်း)

*　ငွေနှင်းငယ် လွှမ်းပါလို့
တောပန်းတို့ မွှေးထုံ
ယာသင်းနံ့ စုံသည်
ရှာရိပ်မြို့ ဌာနေက
ဖြာဝေနေတဲ့ ရတုကိုလေး … ။

*　နှင်းနုပြာရီ
လေပြည်တွေ့ရမ်း၊ ရာသီကြမ်းသနင့်
ဆောင်းချမ်းခိုက်အေး၊ မီးဖိုဘေးမှာ
ရေနွေးလက်ဖက်အုပ်၊ ပြောင်းဖူးဖုတ်လျက်
နှမ်းဆီစို ထန်းမြစ်သုပ်နှင့်
အဟုတ်ကယ်ခုံမင်
ရမ်းရော်ကာ မြင်သောခါ
သည်းဘဝင် ကြည်သာလို့
ရပ်ရွှေညာ ပေါမန်ကဲကိုလ
စွဲလှတယ်လေး … ။



www.burmeseclassic.com

www.burmeseclassic.com

## ၁၈။ ယာစောင့် လယ်စောင့်တဲ

*　ပဲ၊ ဝါ၊ နှမ်း၊ ပြောင်း အလှညီ
အညာယာပန်းချီ၊
ညနေရီ တိမ်ရောင်ကဲ
ယာစောင့် 'အန်းရှက်တဲ'။

*　လယ်ကွက်ထဲ စပါးစုံ
အောက်ရပ်ပန်းချီပုံ၊
မြဝတ်ရုံ အလှကဲ
လယ်စောင့် 'ခနီတဲ'။

*　အားမာန်နှံလို့ အလှဆင်
သူ့ရပ် သူ့ဝန်းကျင်
စိတ်ထားပီပြင် စေတနာမြဲ၊
ယာစောင့်လယ်စောင့်တဲ။ ။

▲▲▲▲▲▲▲▲



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## ၁၉။ ဓလေ့ဂုဏ်
(အိုင်ချင်း)

* ချစ်ရိပ်စာတိမြေ
အညာတစ်လွှား၊ ကစားဖော်ရေ … ။

* မြို့ရပ်ရိပ်မြို၊ နိုလုံ့ပျော်မွေ့
နှစ်လတာရှည်၊ ရာသီရွှေလည်း
လွမ်းတမြေ့မြေ့ မေ့ဘူးကွယ်။

* မွေးမြေရပ်ရွာ၊ အညာတစ်ခေါက်
ပုရစ်ဝေဖူး၊ နွေဦးပေါက်မို့
အရောက်သွားလို့ နားခဲ့တယ်။

* ယာခင်းပြင်ဝယ်
ဝါပင်နှစ်မြိုက် စိုက်ကြတယ်။

* ချိုတေးသံလွှမ်း
ဝါငွမ်းဝါပေါက် ကောက်ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

လမ်းခွက်ချိုက်
ဝါကြိုတ်ဝါဖန် မှန်လှတယ်။

*　မပြတ်အစဉ်
ဗိုင်းငင်ချည်ချ လှပတယ်။

*　ကိုယ်ပိုင်လက်ရက်
အကွက်ဆန်းဖော် ပျော်ကြတယ်။

*　လက်ဖြစ်အထည်
နိုင်ကျည်အထွက် ဝတ်ကြတယ်။

*　အလို လေ့ အိုင် ....
ရိုးရာလေး၊ ကြည်မွေ့ဂုဏ်ထပ်
စရိုက်ဖွေ အမွေမြတ်နှင့်
အညာရပ် ယနေ့တိုင်လေး .... ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၀။ ဘုန်းကြီးကျောင်းသား
(ဒွေးချိုး)

* တစ်ရွာလုံး ဒိုးလိုမွှေ
မောင်ဖိုးတေ ခေါ်ကြတဲ့သား။
လူတကာ ချစ်မညည်း
ဘုန်းကြီး ကျောင်းသား။

* ချွမ်းတော်ချို --- အော်
နှိုးဆော်ကာ ဖျပ်ဆိုင်းထမ်း။
ကြေးစည်သံ နံနက်ခင်း
သင်းပျံ့ရွာလွှမ်း။

* ရွာလမ်းမ နေညိုညို
ပုဆိုးကို လွှယ်သိုင်း။
ချွေလိုမ့်ကာ ရင်ကိုကော့
ပြေးဆော့နေ့တိုင်း။

* ဆံရစ်ဝိုင်းနှင့် မောင်ဖိုးတေ
ကျောင်းမှာနေ ကျောင်းအိပ်စား။



www.burmeseclassic.com

www.burmeseclassic.com

ဝေယျာဝစ္စ သူမညည်း
ဘုန်းကြီးထံပါး။

* ဘုရားဝတ်တက် စာတွေအံ
ယံမင်္ဂလံ နမတ္ထာရ။
ဆွမ်းပွဲပြင် ဆွမ်းတော်ကပ်
သံပိတ်ရပ်ကျုန။

* အလှူအတန်း အဖြာဖြာ
ဟိုသည်ရွာ ကြုံကြိုက်၊
သိမ်မွေ့စွာ ဘုန်းတော်ကြီးနှင့်
ထီးထမ်းလို့လိုက်။

* ချစ်ဖွယ်မလေ့ ချစ်အမွေ
မောင်ဖိုးတေ ဝင့်ကြွား၊
ဂုဏ်ယူကာ အလှဖြိုး
ဘုန်းကြီး ကျောင်းသား။ ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၁။ သည်ဆည်နှင့် သည်နယ်

* မှာချွေ ဖြာဝေ ယာမြေလွှမ်းလို့
သဟာဆွေလှမ်းခဲ့ အညာမြေ၊
* ဖြိုးမယောင် အကျိုးဆောင် မျိုးအောင်လေမလား
မိုးခေါင်ရေရှား အညာမြေ၊
* ကြာရှည် ဌာနီ ခါမီစွမ်း
ရာသီကြမ်းသည့် အညာမြေ၊
* ဖြိုးရွာ ရိုးရာ ကြိုးကာစိုက်
အဖိုးရတနာထိုက်သည့် အညာမြေ၊
* ထနောင်း ခယောင်း နှောဘိယာအခြေ
ချောင်းမြောင်းပေါသည့် အညာမြေ၊
* ဖြိုးရွာသည်းဘိ ခါတလေ
မိုးရွာနည်းသည့် အညာမြေ။
ရေလှောင်မြောင်းတို့ တူးကြမယ်။
* သာကြည်အစစ၊ ရာသီမျှတ
ခါမီထကြွ ဆည်ဆောက်တည်
ကြာရှည်လှပ နယ်တစ်လျှောက်ဆီ။
* စည်သာကြောင်းပြု၊ ညီညာပေါင်းစု
သည်ရွာမောင်းထု အဟုတ်မနားပြန်
ပြည်ရွာကောင်းမှု လုပ်အားမှန်။



www.burmeseclassic.com

www.burmeseclassic.com

* ရည်ရွယ်ခရီး၊ သည်ဆည်အပြီး
သည်နှယ်မညည်း အလှကြွယ်
မိုတွယ်အနီး ဘဝထည်။

* ဌာနေစခန်း၊ ယာမြေအဝန်း
ဖြာဝေလန်းဖို့ ဆည်များတည်
အညာမြေလှမ်းစို့ နယ်တစ်လွှားဆီ။

* ဟိုတောင်စောင်းက အခြေနည်းမှန်
လျှိုမြောင်ချောင်းမ ရေစီးထန်သလေ့။

* မြေဩောင်ကောင်းဖို့ အထူးလှဖွယ်
ရေလှောင်မြောင်းတို့ တူးကြမယ်။

* ဆည်ရေချိုသောက် မျိုးစေ့မှန်
လယ်ရေလိုသလောက် ဖြိုးစေသန်။

* ကြာရှည်ကောင်းဖို့ လုပ်သမျှမှန်
လာလေအပေါင်းတို့ ဒုက္ခခံမှု။



www.burmeseclassic.com

www.burmeseclassic.com

*　ဘဝအခြေခိုင်

အလှတွေပိုင်ဆိုင်ဖို့

တစ်ပိုင်တစ်နိုင် ဆည်အများကိုလ

လုပ်အားအမှန် ဖွေရှာလို့

အညာမြေ စိုပြည်လှအောင်

စွမ်းပါခွန်အား …… ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၂။ အလှမြေ

(လွမ်းချင်း)

*　　တစ်နွေငယ် သောက်ပါလို့
ပိတောက်ရယ်ဝေစည်
ထုံသင်း( ) ကြည်သည်
ပွင့်ရွှေရည် နေခြည်ဟပ်ပြီမို့
သည်ရပ်မြေ နယ်တစ်ခိုက
ကျို့ကြတယ်လေး။

*　　ပျော်စရာငယ်
အတာရေလောင်း၊ မာစကြောင်းနှင့်
ယောင်းညစ်မှုသန့်စင်၊ မေတ္တာငင်လျက်
ကြည်ရွှင်ဆင်နွှဲ၊ ဒိုးပတ်ပွဲတို့
ခြိမ့်သဲကာဆူညံ၊ စေတနာသန်လို့
ကျောင်းကန်ဘုရား၊ ကုသိုလ်ပွားရင်း
စိတ်ထားရှိချို၊ ဘိုးဘွားအိုတို့
ရိုသေဂါရဝ၊ ပူဇော်ကြသည့်
အလှလျှံဝေ၊ မေလှမြေကို
ခါနွေအဆန်း၊ ယဉ်ကျေးဖွယ်လွမ်းလို့



www.burmeseclassic.com

www.burmeseclassic.com

စိတ်ဝမ်းက တူညီ
ပြည်တွင်းမှာ စည်တော့တယ်
ဌာနီကြော့ သည်မြေမှာ
ရေသီတာ ဖြာဝေလောင်းချိန်မို့
ကောင်းမြတ်လှလေး … ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၃။ ရွာသဘော ရွာမနော

* အရှိကို အရှိအတိုင်း
ရိုင်းချင် လည်းရိုင်း၊
စကားဆို အပိုမပြော
ဟောချော ဒိုင်းဒိုင်း။

* မုသားနဲ့ ပြစ်မဆို
မနာလို ဝန်တိုကင်း၊
ဖြောင့်တန်းစွာ မလှည့်ပတ်
စိတ်ခေတ်ပွင့်လင်း။

* ရင်တွင်းက ပီတိဖြာ
အကြင်နာ စေတနာငှ၊
ကိုယ်ချင်းစာ အရောင်ဟပ်
ထပ်တူထပ်မျှ။

* ပြောင်းလဲသည့် ဟန်မျက်နှာ
အမူရာ ဘယ်မရှိ၊
တည်ကြည်စွာ စိတ်ဖြူဆွတ်
လောကွတ်မသိ။



www.burmeseclassic.com

www.burmeseclassic.com

* အညာရပ် အညာမြေ
ရွာအခြေ စိတ်သဘော၊
ပင်ကိုဟန် ဓလေ့စရိုက်
လိုက်ဖက်ညီသော ... ။



www.burmeseclassic.com

www.burmeseclassic.com

# ၂၄။ ရင်ခုန်ည

*　လရောင်ရွှန်းမြ၊ နှင်းဝေကျ
ညအလှဝယ် ပန်းနုံ့ကြွယ် ... ။

*　ချစ်သူ့အိမ်နောက်၊ ဘူးစင်အောက်
နှစ်ယောက်တွေ့ဆုံ ပြုံးကျီစယ် ... ။

*　နောက်ဝါကင်းလွတ်၊ သီတင်းကျွတ်
လှထွတ်ခေါင်မှူး လက်ထပ်မယ် ... ။

*　ပဂို - နှောင်အရေး၊ အမောင်တွေး
ငွေကြေးစုလို့ ကြိုးစားကွယ် ... ။

*　ခင့်မိဘများ၊ ခွင့်ပန်ကြား
ခွဲခြားဂုဏ်နယ် ခက်လိမ့်မယ် ... ။
သဘောမတူ၊ အထုပ်ယူ
ချစ်သူနောက်ကို လိုက်ခဲ့မယ် .... ။

*　အဆင့်မတူ၊ အမြင့်လူ
ဆွတ်ချူလှမ်းမိ ရွှေအားငယ် ... ။



www.burmeseclassic.com

www.burmeseclassic.com

ကြိုးစားရိုးသား၊ လူညိုထွား
စိတ်ထားဖြောင့်လို့ ချစ်မြဲကွယ် … ။

* တစ်သက်မခွဲ၊ ရွှေလက်တွဲ
အမြဲအတူနေချင်တယ် … ။
အို - ပြန်တော့နော်၊ သန်းခေါင်ကျော်
အဖော်မပါ ရင်မောဖွယ် … ။

* လရောင်ရှုန်းမြ၊ နှင်းဝေကျ
ညအလှဝယ် ပန်းနုံကြွယ် … ။
ချစ်သူအိမ်နောက်၊ ဘူးစင်အောက်
နှစ်ယောက်တွေ့ဆုံ ရင်ခုန်ဖွယ် … ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၅။ ခြင်းဝိုင်း

* ထိုးကွင်းမင်ကြောင်
ဂုဏ်ကိုဆောင် မြန်မာ့သား၊
စုန်အဆန် ခုန်ပျံ့ပဲ
ခြင်းပွဲအားကစား။

* ဝိုင်းဖွဲ့လို့ဆင်
အမြင်မှာ ညင်သာစွ၊
ဘယ်ညာခြေ ပညာသုံး
ရွေးလို့မြှောက်ကျူ။

* မဟာညွှန့် မဟာနွယ်
သိုင်းစလွယ် မဟာချူး၊
ဆယောင် ခြေစွင်ရိုက်
ဝိုက်ကြီးကထူး။

* ဒူး၊ ဖနောင့်၊ ဖဝါးခံ
ဟန်မူရာ အလွန်လှ၊
လေအဟုန် ခြေစုံမြှောက်
ကျူထောက်သယ်မ။



www.burmeseclassic.com

www.burmeseclassic.com

*   တစ်ကိုယ်ကောင်း ကင်းပပြန်
ကိုယ့်တာဝန် မလွတ်တမ်း၊
ဆန်းတကြယ် နည်းကြွယ်ဝ
မြူးကြွအံ့မခန်း။

*   အပေးအယူ
ဖေးကူလို့ သပ်ရပ်၊
ကြံ့ခိုင်မာ မမောပန်း
ရှင်လန်းဖျတ်လတ်။

*   ငွေကုန်နည်း ပျော်စရာ
ကိုယ်ကျန်းမာ ပေါင်းစုအား၊
ရိုးရာမှန် မတိမ်မြုပ်
ဖော်ထုတ်ဝင့်ကြွား။ ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၆။ အညာရပ် ဝါတွင်းချိန်

(လွမ်းချင်း)

* တိမ်မည်းညို မှိုင်းပါလို့
ရပ်တိုင်းက ရွာမယောင်
ရွှေမိုးမင်း ပြာပြာမှောင်သည်
မာယာနှောင် ရွှေစည် ငြိမ့်ပါလို့
တခြိမ့်ခြိမ့် သည်အညာ၌
သာလှတယ်လေး .... ။

* သည်ရာသီဝယ်
ခါမီအထူး၊ မြူးကြွဖွယ်အရုဏ်ဦးမို့
ရည်စူးလို့ နီဗ္ဗာန်၊ ဆွမ်းချက်သံနှင့်
ကျောင်းကန်အသင့်၊ သီလကျင့်ဖို့
ဂုဏ်တင့်တယ်ရှုမြင်၊ ရွာလုံးငယ်ရှင်သောအခါ
ချစ်ခင်ကြ ပျူပျူငှာ
ဟန်မူရာ သိမ်မွေ့အေးပါလို့
မွေးလှတယ်လေး .......



www.burmeseclassic.com

www.burmeseclassic.com

## ၂၇။ ဆိပ်ကမ်းအလှ ပန်းချီ

* တန့်ကြည်တောင်ထိပ်၊ နေလုံးချိတ်၍
မှိုင်းရိပ်ဝေရီ၊ ရောဝတီ
ရွှေရည်ဖျော့တော့၊ လေပြည်နော့ဝယ်
လှိုင်းဆော့ညင်သာ တေးထံတျာ … ။

* ကျွန်းချောင်းအရပ်၊ တောင်ခြေကပ်လျက်
မာတတ်မြေစက်ရှုံ၊ နောက်ခံမြို့ကာ
စုန်ဆန်လှော်ရင်း၊ လှေတစ်စင်း
မြစ်တွင်းပိုက်ချ အားမာန်လှ … ။

* အဝေးဘယ်ဆီ၊ မှန်းမျှော်ရည်လည်း
စေတီပုထိုး၊ ဝေစည်ဖြိုးလျက်
မြစ်ရိုးဆန်စုန်၊ လွှမ်းရိပ်မြုံ
အာရုံငြိတွယ် ရှုမောဖွယ် … ။

* ဗူးဘုရားရိပ်၊ မြစ်ကမ်းထိပ်မှ
အေးရိပ်စုံလင်၊ သည်ဝန်းကျင်ဝယ်
လေနှင်ရာပျံ့၊ တမာနံ့နှင့်
ရှင်းသန့်တွယ်တာ၊ ဂုဏ်ဝင့်ဖြာသည်
အညာသဘာဝ ဆိပ်ကမ်းပန်းချီ … ။
မြန်မာအလှ ထိပ်တန်းတည် … ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၈။ အမေ့အိမ်က ရစ်ခုံလေး

*　ကိုယ်မှုကိုယ့်ဟန်၊ ကိုယ်ပိုင်ဥာဏ်ဖြင့်
ကြံစည်စိတ်ကူး၊ လက်ရာထူး၍
ရည်စူးရှိထား၊ ဂုဏ်ယူကြွားကာ
အသွားအတွက်၊ အဘိုးလက်ဖြင့်
နှစ်သက်ဖွယ်ပင်၊ အသုံးဝင်သည့်
မိုင်းငင်ချည်သွတ် ရစ်ခုံလေး။

*　အသွားအခွေ ....
အမေဆက်ခံ၊ အဖိုးတန်ဟု
မျိုးမာန်ဂုဏ်တင့်၊ အားမာန်ဆင့်လျက်
အသင့်ကိုင်တွယ်၊ မြတ်နိုးဖွယ်ပင်
ပန်းနွယ်ပန်းခက်၊ မြူးကြွယှက်လျက်
လက်ရာသန့်သန့် ရစ်ခုံလေး။

*　ယြော် ....
ကျေးလက်ဒေသ၊ အနေကျလျက်
လောကဝန်းကျင်၊ အလှဆင်ကြ
တီထွင်မှုပေါ်၊ စိတ်ကူးဖော်၍



www.burmeseclassic.com

www.burmeseclassic.com

ဝင့်မော်ရှင်ပျူ၊ သူခုမ ဟု
ဘဝဆန်ဆန်၊ စရိုက်ဟန်နှင့်
ညာဏ်မှီရာပြု၊ လက်ရာစုတို့
အနုပညာ၊ ကျေးလက်ရွာတွင်
ဘယ်မှာတန်ဖိုး ဖြတ်နိုင်အံ့။ ။



www.burmeseclassic.com

www.burmeseclassic.com

## ၂၉။ အညာနှင်းဝါ

(တျာချင်း)

*    ယာပြင်တစ်ဝိုက်၊ ဝါစိုက်တို့တောင်သူ
ရာသီမလင့်၊ ဝါပွင့်ဖွေးဖွေးဖြူ
အညာဟန်မူ၊ ယာသူမ 'လေ့'
ဝါကောက်တေးချို၊ နေညိုညို
မေပျိုပျော်ရွှင် 'မွေ့' သည်နှင့်လေး … ။

*    ရိုးရာမမေ့၊ ရွာငွေ့မြတ်နိုးခင်
ဝါဖန်ဝါကြိတ်၊ ရွာရိပ်လုပ်ငန်းဝင်
လုပ်အားအစဉ်၊ မိုင်းငင်ချည် 'ချ'
ပလွေသံလွင်၊ ညရိပ်ခွင်
မေခင်ရင်ခုန် 'ရ' သည်နှင့်လေး …။

*    ညှို့ဦးအလှ၊ အေးမြသည်ရိပ်မြို့
ပန်းစုံရနံ့၊ ရှင်းသန့်ပျံ့မွှေးထုံ
လက်ခတ်သံစုံ၊ ရိုးဂုဏ်မ 'ပြတ်'
အကွက်ဆန်းထွင်၊ တေးသံလွင်
မေခင်ရက်ကန်း 'ခတ်' သည်နှင့်လေး …။



www.burmeseclassic.com

www.burmeseclassic.com

* လက်မှုအတတ်၊ သည်ရပ်နယ်ဝန်းကျင်
ကိုယ်ပိုင်ဖျင်ကြမ်း၊ ဆင်မြန်းဝတ်စားဆင်
မျိုးချစ်စိတ်ယှဉ်၊ ခုံမင်စ 'ရိုက်'
ဘဝအားမာန်၊ အလှဖန်
မှုမှန်နှလုံး 'ပိုက်' သည်နှင့်လေး …။

နှစ်ခြိုက်တွယ်တာ အညာစလေ့မှန်ကြပြီ။
ချစ်ထိုက်ဖွယ်ရာ သူငါမမေ့ဟန်လှသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၃၀။ အညာထန်းသမား မိသားစု

*   အညာနွေကြမ်း၊ အညာထန်းတို့
စိမ်းလန်းညိုမှောင် ဖွဲ့အားဆောင်...။

*   သည်ထန်းတောထဲ၊ ထန်းရွက်တဲနှင့်
ဆင်နွဲ့ရုံမှုဒုက္ခ၊ ကြံ့ကြံ့ခံသည်
အားမာန်ဖွဲ့စု မိသားစု....။

*   မိသားစုတွင်
ဖခင်အိမ်သား၊ ပြည့်ဖြိုးအားနှင့်
ပေါ့ပါးသွက်လက်၊ ရှည်ညိုတက်သို့
ထန်းလက်ထန်းပင်၊ ရင်းထောင်ဆင်၍
ဟိုပင်သည်ပင်၊ တက်ဆင်းလျှင်သည်
နေဝင်ရိုးရီ တေးဟာစ်သီ...။

*   မိခင်အိမ်သူ၊ မညည်းညူနိုင်
မီးပူမကြောက်၊ မီးရှိန်တောက်လည်း
မွှေနှောက်ကြိုလျက်၊ ထန်းရေချက်သည်
ထန်းလျက်ဖြူဖြူ တေးချင်းကြူ...။



www.burmeseclassic.com

www.burmeseclassic.com

*    သားနှင့်သမီး၊ အသီသီးလျှင်
မညည်းအတူ၊ ဝိုင်း၍ကူရ
နေပူမကြောက်၊ ထန်းပင်အောက်တွင်
အိုးကောက်အိုးဆေး၊ ကြိုးတပ်ပေး၏
ချွေးတစိုစို တေးချင်းဆို…။

*    ဩော် ….
ထန်းမိသားစု၊ ပင်ပန်းမှုကို
အန်တုဖက်ပြိုင်၊ ရင်ဆိုင်ရဲရဲ
မာန်စွဲပြည့်ဝ၊ ရောင့်ရဲကြနှင့်
ဘဝကြည်ဖြူ၊ အလှမှုတို့
အပူအေး၍ မွေးတော့သည် …..။



www.burmeseclassic.com

www.burmeseclassic.com

# ၃၁။ မလေ့ဆန်းသည့် ဆီဆွမ်းအလှူ

(အိုင်ချင်း)

*　မလေ့အနှစ်
မွေ့ချစ်ကာ တူညီအားနှင့်
တစ်ရပ်ခြားသည့်ယောက်မတို့လေ ...။

*　ဟိုရှေးစဉ်လွှာ ရှည်ကြာသည်လမ်း
တို့ရပ်ရွာ အားမာန်လွှမ်းလို့
ဆီဆွမ်းလောင်းပွဲ နွဲကြအစဉ် ...။

*　ဆီမီးပူဇော်၊ ရည်မျှော်ကျွတ်သီတင်း
မြတ်စေတီပွဲတော်ခင်းဖို့
ပုံ့သင်းဂုဏ်ရှိန် ထိန်ပါဘိရှင် ...။

*　တို့ရပ်ရွာဘုံ၊ ကျောင်းစုံပင့်လျှောက်
သာသနာ ထိန်ဝါတောက်လို့
ဝမ်းမြောက်ရွှင်ကြည် ဆီလှူကြသရှင် ... ။

*　ယဉ်ကျေးမှုယှဉ်၊ နှစ်စဉ်နှစ်တိုင်း
ရွာလယ်မှာ ဒိုးပတ်ဝိုင်းနှင့်
အိမ်တိုင်းလောင်းလို့ ကောင်းသည့်အစဉ် ...။



www.burmeseclassic.com

www.burmeseclassic.com

* ရှင်ပြုံးပျူငှာ၊ မေတ္တာချိုမွေး
စားပါခေါ် အိမ်တိုင်းကျွေးလို့
နွေးထွေးစိတ်တို့ အေးရိပ်စုံရှင် … ။

* အလိုလေ့အိုင်
ရည်စူးကာ လှမ်းအတူပေါ့
ကြည်နူးစွာ အစွမ်းထူသည့်
ဆီဆွမ်းမှု လောင်းလှူပွဲ
အားခဲမြိုင်လေး ….။

(ကော့မှူးမြို့နယ် ထန်းမနိုင်ရွာ ဆီဆွမ်းလောင်းလှူပွဲသို့)



www.burmeseclassic.com

www.burmeseclassic.com

## ၃၂။ နှီးရေခွက်

* ဤနယ်ဝန်းကျင်၊ ရေအိုးစင်တွင်
အထင်ကရ၊ ပီပြင်လှ၍
ဘဝနှင့်ယှဉ်၊ ယဉ်လည်းယဉ်၏
အသွင်လည့်ည်းထူး၊ ဘဝင်မြူးသည်
'နွားကူးရွာ' ထွက်၊ နှီးရေခွက်။

* ဝါးခြမ်းစိတ်လွှာ
နှီးဖြာရက်လုပ်၊ သရိုးအုပ်၍
ဆေးသုတ်ခြယ်သ၊ ခိုင်ခံ့လှ၏
ပြည့်ဝပညာ၊ အံ့စရာကား
ရေမှာနှစ်မြှုပ်၊ မနစ်မြှုပ်ပေ
နှစ်မြှုပ်စေမူ၊ လုံ့လပြုလည်း
သူ့နည်းသူ့ဟန်၊ သူ့အားမာန်နှင့်
အမြန်ရုန်းထွက်၊ ရေပေါ်တက်
စံထုံးမပျက်၊ နှီးရေခွက်။

* 'နွား' ကူးရွာဟု
တောင်သာနယ်ဘက်၊ တောကျေးလက်မှ
လက်မှုပညာ၊ ပန်းဆယ်ဖြာတွင်



www.burmeseclassic.com

www.burmeseclassic.com

ထည်ဝါဖော်ညွှန်း၊ အစဉ်ထွန်းခဲ့
ပန်းယွန်းဓါဂုဏ်၊ တို့ရိပ်မြုံမှာ
ခိုလှုံမပျက် ခရီးဆက်။
အညာကျေးလက် ပစ္စည်းထွက်။
မြင်သူစုံမက် နှိုးရှေ့ခွက်။ ။



www.burmeseclassic.com

www.burmeseclassic.com

# ၃၃။ ရွှေမိုးညို
(ဗိုကြီးသံ)

* သည်းလိုက်ပါကွယ့် ရွှေမိုးညို
လယ်မြေယာ ဝေဆာဖြိုးအောင်
မိုးမျှော်လို့ ကြို ... လေ့။

* ရွှေပိန်ညင်းရယ်တဲ့ ချစ်တေးချို
ဝဥ္စာတစ်ခို ပြုံမယောင်ညို့တယ်
မှိုင်းမို့မို့ညို ... လေ့။

* ပဲစိုက်ပါတဲ့ မလေးခင်
မိုးမြိမ့်ထန် ရေလျှံဖွေးတယ်
တေးဆိုလို့ရှင် ... လေ့။

* နွားတစ်ရှဉ်းရယ်နဲ့ ထွန်ရေးငင်
ပျိုးကိုရင် ယာပြင်ဓလေ့မှာ
စွဲမွေ့မွေ့ ခင် ... လေ့။

* တို့စရိုက်အညာရဲ့ ဗိုကြီးသံ
ဓလေ့ခင်စရာ စဉ်အလာထူးရယ်နဲ့
မြူးပျော်သည့် ဟန် ... လေ့။



www.burmeseclassic.com

www.burmeseclassic.com

*    တို့ခွန်အားရယ်နဲ့ တို့အားမာန်
ဗုံကြီးသံ မိုးယံဟိန်းတယ်
မြိမ်းသိမ့်သိမ့် ညံ ... လေ့။

▲▲▲▲▲▲▲▲



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

## ၃၄။ တန်ဖိုး

* ဂုဏ်ရေ အဆောင်အယောင်
တပြောင့်ပြောင်ထိန်ထိန်ညီး။

* ဂုဏ်ကြွယ်ဝ စံတင်စရာ
ဉာဏ်ပညာ အံ့ဖွယ်ကြီး ...။

* ဂုဏ်အလှ သန့်ကြည်စင်
ခံ့ထည်လွင် ရှုမငြီး ...။

* ဂုဏ်အလွှာ ဂုဏ်ဖြိုးမောက်
ဘယ်လောက်ပင် ဂုဏ်တွေကြီး။

* ရှုဆင်ခြင် ....
လူ့ဝန်းကျင် လူ့အကျိုးကိုလ
မသယ်ပိုး ရှောင်ကြဉ်ခွာ၍
နှောင်ငင်ကာ ကိုယ်ကျိုးငဲ့
(လူ့ဘဝမှာလေ ....)
တန်ဖိုးမဲ့ ခရီး ။ ။



www.burmeseclassic.com

www.burmeseclassic.com

## ၃၅။ သဘာဝ

* မိဘကျင့်ဝတ်၊ မယွင်းချွတ်ခဲ့
ဖျန်းဆွတ်ကြင်နာ၊ စေတနာတို့
မေတ္တာစိုးမိုး တို့လူမျိုး ....။

* သားသမီးဝတ် ကင်းမလွတ်ခဲ့
ကိုင်းညွတ်ကြည်သာ၊ ရိုသေစွာဖြင့်
တွယ်တာမြတ်နိုး တို့လူမျိုး ....။

* ကျင့်ဝတ်ညီစွာ၊ မြတ်ဆရာတို့
နစ်နာမှုခံ၊ ပီတိလျှံခဲ့
အမှန်ကြည်နူး ဥယျာဉ်မှူး ....။

* ကျင့်ဝတ်စုံသိ၊ ချစ်တပည့်တို့
ပိရိအနေ၊ ကြောက်ချစ်လေ၍
ရိုသေရှင်မြူး စိတ်ကြည်နူး ....။

* ဌာနေသည်ရပ်၊ ကျင့်ဝတ်မြတ်တို့
ရစ်ပတ်လွှမ်းခြုံ၊ အေးရိပ်မြုံတည့်
ရိပ်မြုံမှထွက်၊ ကျင့်ဝတ်ဖျက်၍



www.burmeseclassic.com

www.burmeseclassic.com

ဟိုမက်ဟိုချော်၊ သည်ကျော်ဟိုမှန်း
ဟိုလွမ်းဟိုခင်၊ ဟုတ်လိမ့်ထင်လည်း ….။

* အစဉ်မရိုး၊ ဂုဏ်မညှိုးသည့်
ဘိုးဘွားကျင့်ထွေ၊ တို့အမွေကား
ရှာဖွေနှိုင်းတု ရအုံ့လော …..။



www.burmeseclassic.com

www.burmeseclassic.com

# ၃၆။ ကိုယ်စံအား

* လက်ဆောင်ပေး၍
နွေးထွေးကြည်ဖြူ၊ လက်ခံယူလျှင်
ခံယူသူ၏၊ ထံမှာရှိ၏။

* လက်ဆောင်ပေး၍
မနွေးပြန်လှန်၊ လက်မခံသော်
အမှန်ချင့်တွက်၊ ပေးသူလက်။

* ဘယ်သို့မနော၊ ဘယ်သို့စောဖြင့်
သဘောရိုးရိုး၊ မမိုးမိုးလေ
ကိုယ်ကျိုးကြည့်ကြည့်၊ မကြည့်ကြည့်လေ
လွှမ်းဖိအားပြု၊ ယဉ်ကျေးမှုကို
ရှေးရှုဖျက်ရန်၊ ထိုးနှက်ဉာဏ်ဖြင့်
တို့ထံဝင်ရောက်၊ ဒိုးမျှနှောက်လည်း
မဖောက်မပြား၊ ကိုယ်စံအားတို့
စွမ်းအားပြည့်မှု၊ မခံယူလျှင်
ပေးသူပြန်၍ ယူပေလိမ့် ...။



www.burmeseclassic.com

www.burmeseclassic.com

# ၃၇။ လမ်း

*    အေးရိပ်မြို့သို့
ခိုလှုံကြရန်၊ ဆန္ဒမှန်ဖြင့်
မှုဟန်ပိုင်းခြား၊ မြော်မြင်အားတို့
စွန့်စားရှာက်မြက်၊ ခရီးထွက် …။

*    အရှေ့အနောက်
တောင်မြောက်ဝဲယာ၊ လမ်းတွေဖြာ၏
ဘယ်မှာဘယ်လမ်း၊ ဟိုသည်လမ်းတို့
လမ်းတိုင်းမှလျှောက်၊
ရောက်ကိုရောက်လိမ့် …။

*    ချောချောမွေ့မွေ့
မကွေ့မကောက်၊ ခရီးပေါက်ရန်
ချင့်ထောက်စီးဖြန်း၊ ဘယ်သို့လှမ်းစေ
စည်းကမ်းပျောက်က မရောက်နိုင် …။



www.burmeseclassic.com

www.burmeseclassic.com

# ၃၈။ အသီအပြီး

(လေးချိုး)

* မျက်စိမှုန် နားတွေထိုင်းပါလို့
လက်ချည့်တုန် ပါးရေလှိုင်းတွေနှင့်
အပျက်ငြိစုံ ခါးတွေကိုင်းပိမို့
အသားအရေ ဆိုင်းပါတဲ့ရောနယ် …။

* အချိန်အရွယ်
ထိန်မကွယ် အပြစ်ဖက်လို့မညည်းပါဘူး
တိမ်သဖွယ် ဖြစ်ပျက်ခရီးမှာလ
အရှိန်နှယ် ချစ်လျက်မနီးခဲ့ပေလို့
မီးတမျှပုံနှယ် …။

* ကိုယ့်စခန်း ကိုယ်ပြင်
ကိုယ့်လမ်း ကိုယ်နှင်လို့
ကိုယ့်ဥယျာဉ် ပန်းငုံဖူးရအောင်
ရည်စူးကာ အလှတွေ အစုံစုံနှင့်
ကြည်နူးစွာ ဘဝတွေအဖုံဖုံပေါ့
ခလေ့ဘုံ လောကဓံ တရားမှာလ



www.burmeseclassic.com

www.burmeseclassic.com

မတွေ့ကြုံ သဘောမှန်ထားပါလို့
မရပ်မနားခရီးဝယ် …
နှစ်တွေကွယ်လို့ အဖြစ်တွေပြောင်း ….။

** မှတ်မထင်

လျှပ်အသွင် တွေ့ကြုံခိုက်မှာဖြင့်
အမြစ်စရိုက်မှာ မခံမင်ပေမည့်
ဘဝင်လှိုက်ခါ ကတုန်ကယင်ပေါ့
အငင်အရှိက်မပါ တစ်ဖုံဆင်လို့
အစွဲထင် အသိဖုံးကာပေါ့
အမြဲပင် အကြည့်ရှုံးလေတော့
အသည်းတွင် မချိနှလုံးရယ်နှင့်
ကွယ် … ပြုံးမိခဲ့ကြောင်း …။



www.burmeseclassic.com

www.burmeseclassic.com

# ၃၉။ အကာအနှစ်

* လောဘစက်ခေါင်း၊ ချိတ်ဆွဲမောင်း၍
လမ်းကြောင်းသရုပ်၊ ဟုတ်မဟုတ်လည်း
မြှုပ်ချည်ပေါ်ချည်၊ နှမ်းဟိုက်ပြီ ...။

* ပြည့်ဝလေနိုး၊ နည်းစုံတိုး၍
ကြိုးအားမာန်သစ်၊ သိမ်းဆည်းချစ်လည်း
ဖြစ်ချည် ပျက်ချည်၊ မြဲမတည် ...။

** သောကအစုံ .....
မော်ရုံမြှိုင်တော၊ မောလည်းမောပေါ့
အပြောကျယ်စွာ၊ ဤလူ့ရွာဝယ်
အကာအနှစ်၊ ဉာဏ်စိစစ်လျက်
အနှစ်ကိုင်ဆုပ်၊ ရိက္ခာထုပ်မှ
ဇာတ်ရုပ်ပီပြင် နိုင်လိမ့်မည် ·



www.burmeseclassic.com

www.burmeseclassic.com

## ၄၀။ ဘဝမိုးတိမ်

*
ဂဠုန်, နဂါး၊ မာန်ဟုန်ကြွားလျက်
ဆင်, နွား, မြင်း, ကျွဲ၊ စစ်တိုက်ပွဲနှင့်
ဆေးခွဲရုပ်ပုံ၊ ဖြစ်ပျက်စုံသည်
ရိုပ်မြုံမငြိမ် ကောင်းကင်တိမ် ....။

*
ဘဝလူ့ဘောင်၊ မိုးတိမ်တောင်သို့
မှောင်ခဲ့တစ်လီ၊ နီခဲ့တစ်ခါ
သာခဲ့တစ်ဖုံ၊ ကြုံခဲ့တစ်ရံ
ဆန်ခဲ့တစ်ဖြစ်၊ သစ်ခဲ့တစ်ချိန်
မှိန်ခဲ့ခဏ၊ တဒင်္ဂတွင်
နှိုင်းဆမငြိမ် ဘဝအိမ် ...။

*
ဆေးတစ်အိုးကျွမ်း၊ ကွမ်းတစ်ယာညက်
ဖြစ်ပျက်အစုံ၊ တွေ့ရှိကြုံလည်း
မွေ့မြို့တွယ်ငင်၊ သံယောဇဉ်ကြောင့်
ဆင်ခြင်မှုကင်း၊ သည်လမ်းကျဉ်းဝယ်
လျှောက်ရင်းခရီး ပျောက်ပေလိမ့် ...။



www.burmeseclassic.com

www.burmeseclassic.com

## ၄၁။ ဝါးစပ်ရာစခင်

(ဒွေးချိုး)

* အချိုအချဉ် အစဖြာ
အရသာ ခြောက်ပါး။
တစ်ချောင်းလျှာ အလိုလိုက်
ကြိုက်သလိုစား။

* ကုန်းပေါ်က သတ္တဝါ
ရေအောက်မှာ သတ္တဝါများ။
သတ္တဝါ အနှံ့
စားရသမျှ စား။

* အကြော်အလှော်
တော်သလို အစိမ်းအကျက်။
ကြုံဆုံရာ အစုံကြိုက်
နှစ်ခြိုက်စွဲမက်။

* သည်ပါးစပ်
အညှီထပ် နေ့စဉ်သာ
စည်းဆိုတာမပြု ...။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ

စာနာဟန် စံတမျှ

သတ္တဝါ မှန်သမျှ

အ, ဝေရာ ယောဂျ ....။



www.burmeseclassic.com

www.burmeseclassic.com

## ၄၂။ သံသရာ

*    သီလမဖက်၊ ဒါနစွက်လည်း
ထက်မြက်မှုညံ့ မကျယ်ပြန့် ...။

*    သီလမပါ၊ ဘာဝနာလည်း
သေချာသည့်လမ်း မထိစွမ်း ...။

*    သီလအကျင့်၊ လမ်းမဖွင့်က
အစွင့်မသာ ပြည်ခေမာ ...။

*    သီလရှိန့်၊ ဘဝက်ပျံ့၏
ရှင်းသန့်မထုံ၊ မလုံခြုံက
သုံးဘုံလောက၊ ကျင်လည်ရ၍
ခုက္ခဗီစီး၊ ပူလောင်မီးနှင့်
ခရီးဘယ်တော့ ဆုံးပေလိမ့် ...။



www.burmeseclassic.com

www.burmeseclassic.com

# ၄၃။ ပန်းတိုင်

*　သံသရာရထား၊ ခရီးသွားလေ
ရှည်လျားခုတိုင်၊ မဆုံးနိုင်သေး
ပန်းတိုင်မနီး၊ သည်ခရီးဝယ်
ဆုံစည်းတွေ့ကြ၊ ခွဲခွာကြနှင့်
လက်ပြနှုတ်ဆက်၊ တက်သူတက်ပေါ့
ဆက်လက်ခရီး နှင်ဆဲကို ...။

*　အဝိဇ္ဇာ တဏှာ ...
ခန္ဓာနာမ်ရုပ်၊ ဖြစ်ပျက်ချုပ်ကို
သရုပ်မကွဲ၊ အတ္တမြဲနှင့်
ငိုပွဲရယ်ပွဲ၊ အနေရဲလျက်
ငါစွဲမတ်ခိုင်၊ ငါနှင့်ဆိုင်သော်
ပန်းတိုင်ဘယ်တော့ ရောက်ပေလိမ့် ....။



www.burmeseclassic.com

www.burmeseclassic.com

## ၄၄။ နှုတ်ဆက်ခြင်း

*　လူ့လောကထဲ
ဒိုပွဲနှင့်လွှမ်း၊ ငါလှမ်းတော့
ဝမ်းပန်းတသာ၊ ပျူဗွာကြည်နူး
ပျော်မြူးပြုံးရွှင်၊ ငါ့ဝန်းကျင် ...။

*　အချစ်အမုန်း၊ အရှုံးအနိုင်
မခိုင်မမြဲ၊ အခွဲတန်းလန်း
လမ်းမပေါ်မှာ၊ သိပ်မကြာပါ ...။

*　လောဘ ဒေါသ
အစွဲနှင့်ငါ၊ သံသရာခရီး
မိုးကြီးလည်းချုပ်၊ မီးခွက်မှုတ်၍
နှုတ်ဆက်ဟန်ပြင်၊ ခရီးနှင်ရန် ...။

*　မျက်ရည်သွင်သွင်
ဝန်းကျင်အများ၊ ငါ့ကိုတားလည်း
နားနိုင်သွားနိုင်၊ ငါမပိုင် ...
ရင်ဆိုင်ခွင့်လွှတ်ကြပါတော့ ....။



www.burmeseclassic.com

www.burmeseclassic.com

# ၄၅။ ခြေတစ်လှမ်း

* အစဖွေနှောက်
ဘဝမြေတစ်လျှောက်
ငါ့ခြေထောက်
လှမ်းလျှောက်နိုင်သည့် အချိန် ...။

* မှန်မှန်ဖြည်းဖြည်း
မြန်မြန်နှေးနှေး
သန်သန်ပြေးပြေး
အရေးတကြီး
မဝေးမညည်း
အဝေးအနီး
ခရီးအကြိမ်ကြိမ် ...။

* ရန်ဘယာ တည်ရာစခန်း
ကံကြမ္မာ ကြည်သာလွှမ်း
သံသရာ ရှည်ကြာလမ်း
လျှောက်လှမ်းလို့ မတည်ငြိမ်
သောကတိမ်လွှင့် သခင့်ရင်ထဲ၊
လောဘ အချိန်ဖင့် လွှင့်စင်မြဲ၊
မောဟအရှိန်နှင့် မြှင့်တင်ဆဲ ....။

www.burmeseclassic.com

www.burmeseclassic.com

*　ခြေတစ်လှမ်း

ကုဋေတစ်သန်းရယ်နှင့်

မကြေနှမ်းခင် အမှားစရိုက်ကိုလ

နွေလမ်းပြင် တရားအမြိုက်တွေနှင့်

မနှား ကတိုက်ကရိုက်

တခြား အလိုက်အထိုက်

အားစိုက်ဖို့ခဲ ....။



www.burmeseclassic.com

www.burmeseclassic.com

## ၄၆။ ရွှေပုပ္ပား
(ဥညြသံချိုဆင့်စပ်)

*  လွမ်းရိပ်ဝေဖြာ၊ ရှုခင်းသာ
အညာမြေလှမ်းလို့ လန်းရမယ် ...
သဟာချွေမှန်းလို့ ဆန်းရမယ် ...။

*  ပုပ္ပားမတ္တိုင်၊ တောင်ချင်းဆိုင်
နံ့ကြိုင်အေးလို့ ဝေးရမယ် ...
ပျံ့လှိုင်ဖွေးလို့ မွှေးရမယ် ...။

*  ပြာပြာမှိုင်းအုံ၊ တောင်ငွေ့ရြို
ဝတ်ရုံလှူးလို့ မြူးပါ့မယ် ...
ထွင်ရှုဘုံဦးမို့ ထူးပါ့မယ် ....။

*  ဆည်းလည်းသံလွင်၊ လေပြည်တွင်
ရွှေရင်လန်းလို့ ဆန်းပါ့မယ် ...
မေခင်မှန်းလို့ လွမ်းပါ့မယ် ....။

*  စမ်းရေငြိမ့်ဖြာ၊ စကားဝါ
လေမှာဝေွးလို့ မွှေးရမယ်
ရေပြာဖွေးလို့ အေးရမယ် ....။



www.burmeseclassic.com

www.burmeseclassic.com

*　ကျေးငှက်သံချို၊ နေညိုညို
လှိုင်မြောင်တွေလို့ ကွေ့ပါမယ် …
ဟိုတောင်ငွေ့တို့ မွေ့ပါ့မယ် ….။

*　မြိုင်ရိပ်ထူထူ၊ ရှုကွမ္မ
ရှုတင်စခန်းတို့ ဆန်းလှတယ် ….
လှူရှင်ရပ်ဟန်းတို့ လှမ်းကြွတယ် ….။

*　သစ်သီးချိုချို၊ စမ်းရေချို
တေးချိုဟာစ်လို့ ကြွဲရမယ် …
ဆေးစိုမြစ်တို့ စုံလှတယ် …..။

*　ယာလယ်ဖြန့်ချို၊ ကြက်မောက်ဆည်
ရေကြည်လိမ်းလို့ စိမ်းလှတယ် …
လေပြည်တိမ်းလို့ ယိမ်းသမနှယ် ….။

*　လွှမ်းရိပ်ဝေဖြာ ရှုခင်းသာ
အညာမြေလှမ်းလို့ လန်းရမယ် …
သဟာဆွေမှန်းလို့ ဆန်းရမယ် …..။

▲▲▲▲▲▲▲▲



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

## ၄၇။ ထာဝရမေတ္တာ

* အို ..... လမင်း
လှုင်းချည်မှိန်ချည်၊ ရပ်မတည်။

* အို ..... လေညင်း
သင်းလိုက်ပြင်းလိုက်၊ သူ့စရိုက်။

* အို .... အလှပန်း
လန်းခါနွမ်းခါ၊ မရေရာ။

* အို .... အေးမြစမ်း
လျှမ်းပေ့ခန်းပေ့၊ သူ့စလေ့။

* ထာဝရလင်း၊ ပျံ့ပျံ့သင်း၍
သန့်ရှင်းကြည်လန်း၊ အစဉ်လျှမ်းခဲ့
စွမ်းအားတည်မြဲ၊ မပြောင်းလဲသည့်
ထူးကဲချိန်ဆ - နိုင်းမရ ....။
မိဘမေတ္တာ အနန္တ .....။



www.burmeseclassic.com

www.burmeseclassic.com

# ၄၈။ သားနဲ့ သမီး

*　　သား ....
'ကျား' ဆိုတာ ရန်မူကိုက်။
မျိုးဆက်သန် ဂုဏ်ယူကြွားဖို့
'အား' သာဖြစ်လိုက်။

*　　သမီး ....
'မီး' ဆိုတာ ပူလောင်ခြစ်။
အရိပ်ဖြာ အစဉ်အေးဖို့
'ထီး' ကလေးသာဖြစ်။

*　　သားနှင့်သမီး
အားနှင့်ထီး။
အားကြီးတဲ့ အခက်အခဲ
ပွားစီးလက်တွဲ
တားဆီးဖျက်ခွဲ
ရဲရင့်တဲ့ အနာဂတ်
မြင့်မြတ်စွာ ထွေးပွေ့
ဖေဖေ့ခရီး ...။



www.burmeseclassic.com

www.burmeseclassic.com

## ၄၉။ အဖေ

*　　ယံမင်္ဂလံ တစ်ပိုင်းတစ်စနှင့်
ရှင်လူထွက်စ လူဖျိုပေါက်
သူများသိုးအုပ်နောက် အငှားကျောင်း
လက်ရှေ့ဆိုတဲ့ ဘဝကျောင်းမှာ
ဝမ်းရေးနှင်တံနှင့် တို့တို့ပြီးမောင်း
ရာသီပြောင်း နှစ်များကြာ ...။

*　　အိမ်ထောင်ဦးစီး
ရှမငြီးဖွယ် သမီးသား
ခနီးမယား ခွန်အားသစ်
သိုးအုပ်ကြီးလည်း ကိုယ်ပိုင်ဖြစ်
ဘဝတစ်ထစ် အလှမြော ...။

*　　ခေတ်ပညာ မတတ်ပေမယ့်
အနာဂတ်ကို တွက်ချက်
သားအတွက် ပညာရေး
လက်မနှေး နောက်မဆုတ်
သိုးအုပ်ကြီးကို အပြီးဖြတ်
အဝေးကိုင်ဆုပ် မြို့ကြီးမှာ
ပညာရှာ တက္ကသိုလ်ပို့ ....။



www.burmeseclassic.com

www.burmeseclassic.com

*　အားအနှစ်

သားချစ်က ပညာတတ်

မြို့ရပ်မှာ ကြင်ရာတွေ့

အားလုံးကိုမေ့ မြို့ကြီးပျော်

မျှော်လင့်ချက်တွေ ပျောက်ဆုံး

ရောင်ခြည်သစ်တွေ တိမ်ဖုံး

ဘဝဆိုသည့် အနိုင်အရှုံး

အားလုံးကို သုံးသပ်

ဆုံးဖြတ်ချက် နိဂုံးချုပ်

သူများသိုးအုပ် အငှားတောင်း

သိုးကျောင်းမလို့ ...။



www.burmeseclassic.com

www.burmeseclassic.com

# ၅၀။ အမေ့ထမင်းဝိုင်း

*　　မခမ်းမနား၊ မဆန်းပြားလည်း
　　စွမ်းအားပြည့်စုံ၊ မွှေးနံ့ထုံသည်
　　လက်ဆုံခင်းသည့်၊ ထမင်းဝိုင်း ...။

*　　အညာတစ်ထောက်၊ ရွာအလျောက်ပေါ့
　　ပဲနောက်· ပြောင်းဆန်၊ လယ်ထွက်ဆန်နှင့်
　　သုံးပြန်ရောယှက်၊ အမေချက်သည်
　　စွဲမက်ဖွယ်ကောင်း ငွေ့ထောင်းထောင်း ...။

*　　အညာစရိုက်၊ ရွာအလိုက်ပေါ့
　　စိုက်ခင်းပျိုးခင်း၊ သီးငုံကင်းနှင့်
　　ဟင်းရွက်စိမ်းစို၊ မှုစ်နှင့်ကျို၍
　　ဟင်းချိုတစ်ခွက်၊ အမေချက်သည်
　　စွဲမက်ဖွယ်ပင် သင်းနံ့လွင် ...။

*　　အညာမလေ့၊ ရွာအတွေ့ပေါ့
　　ချောင်းကွေ့ယာစပ်၊ နေပျော်အပ်သည့်
　　ပတတ်သားငယ်၊ ဖားကိုဝယ်၍
　　စဉ်းဟယ်နုပ်နုပ်၊ ချင်းငရုတ်နှင့်
　　ကသုတ်ကရက်၊ အမေချက်သည်
　　စွဲမက်ဖွယ်ရာ မေ့နိုင်ပါ ...။



www.burmeseclassic.com

www.burmeseclassic.com

*　အညာဆန်ဆန်၊ ရွာဟန်ပန်ပေါ့
ဆီပြန်တစ်ခွက်၊ ပဲဟင်းချက်၍
လက်သုပ်တစ်မည်၊ မထည်ဝယ်လည်း
လွယ်လွယ်နှင့်ဆန်း၊ အမေစွမ်းသည်
စွဲလန်းဖွယ်ပင် ထာဝစဉ် ...။

*　ဩော် ....
အညာဓလေ့၊ ရွာအငွေ့ဝယ်
မွေးမေ့ရိပ်မြုံ၊ သားချင်းစုံနှင့်
လက်ဆုံဆင်နွှဲ၊ ထမင်းပွဲကို
ရင်ထဲစွဲမက်၊ ဂုဏ်မဖက်လည်း
မြိန်ရှက်စွာပင်၊ လွမ်းရိပ်ထင်သည်
တွေးမြင်ပီတိ ရင်ဝယ်လှိုင်း ....။



www.burmeseclassic.com

www.burmeseclassic.com

## ၅၁။ မိဘအစ မြန်မာ့စလေ့

* အဘိုးအဘွား၊ သမီးသားနှင့်
မြေးများဖွဲ့နှောင်၊ သည်အိမ်ထောင် …။

* ဘဝရေချိုး ဘိုးဘွားအိုတို့
အလိုပြည့်ဝ၊ ငြိမ်းချမ်းလှအောင်
ယုယပြုစု၊ လေးဂရုဖြင့်
ရှေးရှုစွမ်းဆောင်၊ သည်အိမ်ထောင် …။

* မိဘနှစ်ပါး၊ သမီးသားတို့
ဝတ်စားဆင်ယင်၊ နှုတ်ချိုယဉ်ဖို့
ယဉ်ကျေးလှပ၊ ဆိုဆုံးမလျက်
ညွှန်ပြသွန်သင်၊ ချစ်ရေစင်ဖြင့်
ကြင်နာဖွဲ့နှောင်၊ သည်အိမ်ထောင် …။

* မိဘစကား၊ သကာဖျားသို့
သားသမီးဝတ်၊ ယွင်းမချွတ်ကြ
ကိုင်းညွတ်ကြင်နာ၊ စေတနာဖြင့်
မေတ္တာပွေ့ဖက်၊ ဖျန်းဆွတ်ပက်သည်
ရွှန်းလက်လရောင် သည်အိမ်ထောင် …။



www.burmeseclassic.com

www.burmeseclassic.com

** ကြင်နာဖွဲ့စု၊ ယဉ်ကျေးမှုဟု
ရှေးရှုစဉ်လာ၊ တို့မြန်မာတို့
မေတ္တာခလေ့၊ မြန်မာဌေ့ဖြင့်
မရွေ့မပြောင်း၊ နည်းလမ်းကောင်းလျက်
မဟောင်းအကြိုက်၊ တို့စရိုက် ....
ထွေးပိုက်ရစ်မြဲ၊ သည်ရိုပ်မြဲ .....
ခိုလှုံချမ်းမြေ့၊ မြန်မာ့ခလေ့ ......။



www.burmeseclassic.com

www.burmeseclassic.com

# ၅၂။ လင်ဆိုးမယား
(လေးချိုး)

*  မိုးချုပ်မှောင်၊ နှမ်းမညည်း
ဈေးရောင်းပြီး အိမ်အပြန် ....။

*  အသင့်ပါ ဟင်းရွက်များနှင့်
ဆားဆီနှင့် ဆန် .....။

*  ဘုစုခရု ဝမ်းဗိုက်ထန်
ပူဆာသည် အမြန်ချက်။

*  ရမ္မက်ကြူး
အရက်မူး အိမ်ဦးသခင်က
မဆင်ခြင် စရိုက်ကြမ်းတွေနှင့်
ငေါက်ငမ်းစွာ အမြည်းကောင်းကိုလ
ကြောက်ခမန်းပါ အပြီးတောင်းတယ်
ကြိမ်းမောင်းရိုက်နှက် .....။



www.burmeseclassic.com

www.burmeseclassic.com

# ၅၃။ သားဆိုးမအေ
(တြိချိုး)

* မိုးတိမ်ညို တစ်ဖြိုက်ဖြိုက်
လမိုက်သည့် ညသန်းခေါင်
ပိန်းပိတ်လို့မှောင်။

* ရွာအဖျား အနောက်ချောင်
ခွေးဟောင်သံ ဆူညံဆဲ။

* ထင်ရာစိုင်း -
ဂျင်ဝိုင်းမှာ သူပါလို့
ကြက်ဝိုင်းမှာ သူညာလို့
အရက်ဝိုင်းမှာ သူဆရာမို့
အမှုရာ စရိုက်ကြမ်းတွေနှင့်
သူမတူပါ အမိုက်စခန်းမှာဖြင့်
အကြိုက်လှမ်းရာ အများအထင်သေးစရာပဲ့
တစ်ရှိုက်နှမ်းစရာ သားရင်သွေးပေမို့
လူကလေးရယ် အစွဲအများအပြားတွေကြောင့်
ပူမအေးဖွယ် အသည်းတယားယားရယ်နှင့်
ကဲလားကို အသာမ
ဟင်းချနိုင်ဘဲ .....။



www.burmeseclassic.com

www.burmeseclassic.com

# ၅၄။ မြို့ပျော်သား

(လေးချိုး)

*   တစ်နေညို တရားအလိုအေးနိုင်ဘူး
အမေအို သားကိုတွေးပါလို့
ငေးနေရှေ့အခါခါ ……။

*   ဆွေးစိတ်အဖြာဖြာ
ဆေးလိပ် တဖွာဖွာနဲ့
အတွေးရိပ် မကြာမကြာတဲ့
အညာရွာ တမာတန်းဆီက
စာမလာ အမှာတမ်းပါလို့
လွမ်းလျက် မကြည်သာ .. တဲ့ ….။

*   မနောမွေ့ကြို့
ပေါ်ပြည့်စုံ အုံ့မခန်းပါတဲ့
အမြင်ဆန်းစရာ ရှုမောဖွယ်တို့
ငွေရှာလွယ် အနေတင့်ကာဖြင့်
အခြေမြင့်ကာ မြို့ပျော်သားပေဟု
ဝင့်ကြွားလျက် ပီတိဖြာ …..
ထင်စရာမို့ အမေမှန်း …….။



www.burmeseclassic.com

www.burmeseclassic.com

** သားချစ်တဲ့အမေ ......

အားသစ်ဖွေ အမှန်သဘောကိုလ

သားဖြစ်တွေ ပြန်မပြောလိုဘူး

ဘဝအမော အခြေစုံနှင့်

အလှမနှောပါ တစ်နေ့ကုန်ပေါ့

မြို့ရိပ်လှုံ့ အမေ့သားမှာ

အမှားမဆက်ဖို့

တရား အခက်အလက်နဲ့

အားမပျက်လှမ်း ......။



www.burmeseclassic.com

www.burmeseclassic.com

# ၅၅။ ရွာကငယ်ပေါင်း

(အိုင်ချင်း)

*　ချစ်တဲ့သူငယ်လေ
အတူကစား၊ ကျောင်းသွားဖော်တွေ ....။

*　အားသွန်နှုမျိုးသိချိုဒေါင်းလောင်း
လွင့်ပျံမြူးတဲ့၊ ရွာဦးကျောင်းကို
ငယ်ပေါင်း အောက်မေ့လေမလားကွယ်။

*　လွယ်အိတ်ကိုယ်စီ၊ တေးသီပျော်လျက်
ပြေးလွှားရင်း၊ 'လက်ချင်းယှက်လို့
ကျောင်းတက်ခဲ့တာ၊ ကုက္ကိုပင်လွှမ်း
တမာတန်းနဲ့၊ ရွာလမ်းမှာ
ယာမြေပတ်ဝိုင်း၊ ညိုမှိုင်းစိမ်းမြ
နုဝေစွာ၊ ရှုလေရာ လှပါပေ့
မိုးကဖြိုးဝေ၊ စိန်ပန်းပွင့်ခဲ
နီရဲရဲတို့၊ ဖွဲ့ဖွဲ့ကြွေတော့
မိုးရေထဲ လျှောက်လို့ပျော်ကြတယ် ....။



www.burmeseclassic.com

www.burmeseclassic.com

*      ယခုခါလေ

တို့ရွာကျောင်းက၊ ငယ်ပေါင်းတွေမှာ
အောင်ပန်းဝေခဲ့၊ ဘွဲ့တွေနဲ့
စေတနာမွန်နဲ့၊ တာဝန်နဲ့
စွမ်းပကားနဲ့၊ လုပ်အားနဲ့။

*      အလိုလေ့အိုင်
သီးနှံဝေဖြိုး၊ ပြည့်လျှံတိုးဖို့
တို့ကြိုးစားခဲ့၊ လုပ်အားဂုဏ်ဆောင်
အတွေးနှောင် အတိတ်ဟောင်းမှာလ
တို့ရင်မှာ တို့ရွာကျောင်းရယ်နှင့်
ငယ်ပေါင်းခဲ့ာ်လေး .....။



www.burmeseclassic.com

www.burmeseclassic.com

# ၅၆။ ပြောလိုက်ပါ့ အိုမှတ်သုံ

(လေးချိုး)

*　နဘံမှာ ရှပ်စုံပျိုးပါလို့
ဝသန်ခါ လှုပ်ခြံပြီးပြီလ
မှတ်သုံ့မိုး အိုအဆွေ ……။

*　ချစ်ခင်ဖွယ် -
မြစ်ပင်လယ် ဘယ်လိုဆီးပေမယ့်
တောင်ကြီးတွေ အထွေထွေနှင့်
မြိုင်ရပ်တွေ ကျော်ကာဖြတ်
လွှမ်းပတ်မှုန်ဝေ ……။

*　ခါဝသန်
အညာဠာန် ယာမြေတောမှာတော့
သာမောဖွယ် စိုစိုလွင်နှင့်
သီးနှံပင် ဖွင့်သန်ပြီးပြီပါ့
ယာခရီး ယာချိုးတကူကူဖြင့်
တောပန်းဖြူ ကြူကြူမွှေးပြီထင့်
ယာတေးသံ မြိုင်မြိုင်ချိုလို့



www.burmeseclassic.com

www.burmeseclassic.com

အဘအို ဖြိုးရှင်လန်းမှာပေါ့
ယာလုပ်ငန်း အားသစ်ချွေး -
သူ့မိတ်ဆွေက မှတ်သုံမိုး ....။

*
အလှသာ
အဘယာ အညာကျေးကိုတော့
ဘဝတာ တဖြာအရေးရယ်ကြောင့်
ဓလေ့ဂျာ အလာဝေးပေမယ့်
အခါခါတွေးကာ နှမ်းလိုမချိုပါဘူး
လှမ်းပို့မိသူ အမှာပါးလိုက်ပါရဲ့
အို ..... မှတ်သုံရယ်
သာမျက်ရည်ဖြိုး .......။



www.burmeseclassic.com

www.burmeseclassic.com

# ၅၇။ ယာချစ်သူ

*  မနားအသွင်၊ တစ်အားဆင်၍
ရှားပင်ပုပြတ်၊ ယာတောစပ်၌
လှည့်ပတ်ငုတ်ထင်း၊ ခုတ်ပယ်ရှင်းသည်
ရင့်ကျွင်းချမ်းမြ အဘာအို .....။

*  တောတန်းမို့မို့၊ စိမ်းညို့ညို့၌
ချိုးတို့ကူညံ၊ ခါတွန်သံနှင့်
ယာဟာန်မလေ့၊ ခါမှန်တွေ့သည်
ကြည်မွေ့ရွှင်ပျ အဘာအို ...... ။

*  ပန်းဖြေချွေးသိပ်၊ ထန်းပင်ရိပ်၌
ဆေးလိပ်တစ်တို၊ ကရားအိုနှင့်
ယာကိုမျှော်ကြည့်၊ ရင်ဝယ်ပြည့်သည်
ပီတိပြုံးမြ အဘာအို ...... ။

*  ယာမြေအပေါ်၊ အဘာပျော်၏......၊
ယာမြေအနှစ်၊ အဘာချစ်၏ ......၊
ယာမြေအစွဲ၊ အဘာမြဲ၏ .........။



www.burmeseclassic.com

www.burmeseclassic.com

* ယာနှင့်အဘ၊ အဘနှင့်ယာ

သစ္စာခိုင်မြဲ၊ ချွေလက်တွဲ၍

ထူးကဲအလှ၊ ဤလောကကို

အေးမြအရောင်၊ ခြယ်သတည်း ...... ။



www.burmeseclassic.com

www.burmeseclassic.com

## ၅၈။ ရောဂါဆိုးကို ကာကွယ်ပါ

(ရတနာကြူတ်သွား)

* ခုခံအား - လူသားအန္တရာယ်မှ
မီးလျှံတောက် - ခြိမ်းခြောက်ဆူဆူည
ဆေးမရှိ - တွေးကြည့်ကြောက်
လူသားထု - ဘေးပြုထိတ်လန့်ည

* ရောဂါဆိုး - ပွားတိုးအန္တရာယ်ကို
ကြိုတင်လျက် - တိုက်ဖျက်ကာကွယ်
အပျော်များ - သွေးသားအလိုလို
ဖောက်ပြန်ရေး - ကင်းဝေးရှောင်စေ

* တို့ကျင့်ဝတ် - မချွတ်ယွင်းစေလို
အားအစွမ်း - လျှောက်လှမ်းလမ်း
စုပေါင်းလျက် - ဆောင်ရွက်များထို
ဘေးမသမ်း - ငြိမ်းချမ်းကမ္ဘာကို



www.burmeseclassic.com

www.burmeseclassic.com

# ၅၉။ ခွင့်လွှတ်တယ်သား

(လေးချိုး)

* ညည်အချိန် မှန်းကာဆပါလို့
မတည်ငြိမ် တမ်းကာတမိတယ်
လွမ်းပါသမျှ သားကိုမျှော် …. ။

* အနေမဝေးပါဘူး
အခြေပေးလျှင် မကြာမကြာပေါ့
အခါခါ အမှာစကားတွေနှင့်
သားလာခဲ့နော် …. ။

* ဇနီးမယား ရယ်နှင့်
သမီးသားမှာ လောကအရေးတွေကြောင့်
အစီးအပွားရှာ သောကမအေးနိုင်ဘူး
မောသမျှချွေး ခေါင်းမဖော်
နှမ်းရော်လို့ နေပြီလား …. ။

* တွေးကာကြည့်ပြန်တော့
မွေးဇာတိ အညာမြေ၌
စာမချေ အမှာစကားရယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတလေတောင် မလာအားပါဟု
ညာမသနားကာ အဖေ့ထံသို့
တစ်နေ့ပြန် ဘယ်လိုမှမရောက်ခဲ့ပါဘူး
နောက်အလှည့် တစ်ကျော့ပြန်ပေါ့
မပေါ့တန် ကံကြမ္မာ ဝဋ်ကယ်နှင့်
မလျှော့အရှိန် သံဆိပ်ရေညွှတ်မှာ
ခွင့်လွှတ်တယ်သား …. ။

▲▲▲▲▲▲▲▲



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

## ၆၀။ လွမ်းရိပ်အသိ

(လေးချိုး)

* ညည်းတွားကာ မှန်းကာကိုးပါလို့
စီးပွားရှာ ချမ်းသာနိုးရယ်နှင့်
လှမ်းကာတိုး သူ့ရပ်မြေ။

* အမိက မဖြေသာ
မိဘဆွေညာ အစဉ်ဝေးပါလို့
မပြည့်ဝ စေတနာ အကြင်နာဝေးပါဘိ
မချည့်လှတဲ့နွေပမာ ခင်စရာကလည်းဝေးလေတော
မွေးပန်းမဝေ ...။

* အကွေ့အဝိုက်တွေနှင့်
အတွေ့အကြိုက် တစ်မှုဟန်ပေါ့
ဓလေ့စရိုက် မတူပြန်တော့
အပူလှုံ့ အနေခက်ပါလို့
အခြေပျက် နွမ်းမပြေ
လွမ်းသလေ ကိုယ့်ဓာတ် ....။



www.burmeseclassic.com

www.burmeseclassic.com

*    စိတ်သဏ္ဌာန်ထင်ရာ
သိပ္ပံပညာ လှုပ်ခါခြံ၍
ရုပ်အာရုံ ဘဝမြင့်သော်လည်း
အလှကဖြင့် မယှဉ်သာဘူး
ရင်အနာ ဖြေကာလျှော့တယ်
ကွယ် ..... ခုတော့မှသိ ..... ။



www.burmeseclassic.com

www.burmeseclassic.com

## ၆၁။ ရမ္မက်ကျွန်

* အလုပ်က အဆင်ပြေ
ပျော်သလေ တစ်မူထူး၊
အိမ်လုံးဆူ အရက်နဲ့ (နည်း)
ဆဲဆိုလို့မူး။

* အလုပ်က ဆင်မပြေ
စိတ်ထွေထွေ သူညစ်ညူး၊
ဒေါသရှိန် အိမ်လုံးပွက်
ရိုက်နှက်လို့မူး။

* အလုပ်က အခြေအနေ
ပြေမပြေ အဆင့်ကူး၊
အမူအရာ သူငါတွေ
အသူရာ ဗျူဟာမွေ့
နေ့ရက်ဆက်မူး။

* ရောဂါဖိ အမြစ်တွယ်
အိပ်ရာဝယ် သေသောက်ကြူး၊
သေရွာကို ခရီးဆက်
အသက်ထွက်မူး။



www.burmeseclassic.com

www.burmeseclassic.com

# ၆၂။ ခရီးအကာန်

(လေးချိုး)

*　ဝင့်အနှောင် . . . . .
လွတ်အောင်ရုန်းမဟဲ့လို့
စွတ်ရှောင်ပုန်းလျက် တောရိပ်ခို။

*　ထိုခရီး . . . . .
တစ်ကိုယ်တည်း ဉာဏ်ဖွေကူလို့
သံဝေယူကာ မြင်အတွေး
အေးမြသကို။

*　တစ်နေ့အစောင်းမှာဖြင့်
ငြိမ့်ညောင်းစွာ ငှက်သံလွင်လျက်
ရွက်ဝါကြွင် လေအဖြန်းမတော့
နယ်ရှစ်ခွင် ဘယ်ကိုမှန်းသော်လည်း
လွမ်းစိတ်က ဘာလိုလို . . . . .
မျက်ရည်စိုလို့ အဖြေတွက်။

*　အကျင့်မသန် . . . . .
ပုထုဇန် ဉာဏ်မထက်ပါဘူး
ဟန်မျက်နှာ အမှန်ပြောရလျှင်
သံယောဇဉ် တစ်မျှင်ကြိုးငယ်ကြောင့်
ရှေ့တိုးဖို့ခက်။



www.burmeseclassic.com

www.burmeseclassic.com

# ၆၃။ လျှာနှင့် သွား

* အနေနီးကပ်
ဆက်စပ်လျှပ်ရှား၊ လျှာနှင့် သွား။

* မာကြောခက်ထန်၊ နိုင်နှံ့စေနှင့်
သွားဟာနံ့ဂုဏ်ခြွင်း၊ ဆို့ခြွတ်
ကိုက်ခြွတ်ဝါးချေ တနေ့ကြွေ ----။

* ပျော့ပျောင်းညင်သာ၊ နူးညံ့သာခြင်း
လျှာ၏သဘော၊ ညွတ်ညွတ်ပျောင်းဝင်
လိုက်လျောညီထွေ အဆင်ပြေ ----။

* ကာလကြာရှည် -
အခြေမနဲ့၊ မပဲ့ကျိုး
ပိုးစားမရှိ တည်တံ့၏ ----။
လျှာ၏ သဘော ဂုဏ်သတ္တိ ----။



www.burmeseclassic.com

www.burmeseclassic.com

## ၆၄။ လောကဝန်းကျင်

*  ငါနှင့်တူယှဉ်၊ ငါ့ဝန်းကျင်
ပူပင်သောက၊ များပါဒနှင့်
ရှုတကြမ်းတမ်း၊ မငြိမ်းချမ်းသော်
ငြိမ်းချမ်းသုခ ငါမရ ....။

*  ငါနှင့်တူယှဉ်၊ ငါ့ဝန်းကျင်
ကြည်လင်အေးမြ၊ မွေးထုံလှ၍
ပြည့်ဝကြင်နာ၊ ဗီတိဖြာသော်
ငါလျှင်သုခ ငြိမ်းချမ်းစွ ....။

*  လောကတစ်ခွင်၊ ပတ်ဝန်းကျင်ကို
အမြင်မသန့်၊ ဖီလာကန့်၍
ပုံပိုးမှုကင်း၊ နှိမ်ချခြင်းဖြင့်
ထန်ပြင်းအတ္တ၊ မာန်မာန
ဘဝဘယ်သို့လှပေလိမ့် ....။



www.burmeseclassic.com

www.burmeseclassic.com

# ၆၅။ နေညိုချိန်

* တစ်လှမ်းတစ်လှမ်းရယ်နှင့်
တနွမ်းနွမ်း ပန်းလှပြီ ...။

* မတားပိုင်
မနားနိုင် ခြေကုန်သုတ်
မိုးချုပ်တော့မည် ...။

* မျှော်လေဝေး ခရီးရှည်
ခရီးသည် ဘယ်စခန်း ....။

* ကြာမြိုပေ
ငါစွဲတွေ တစ်ပုံတစ်ပင်နှင့်
ရှာဆဲလေ ကတုန်ကယင်ပေါ့
တခုံမင်မင် သမုဒယ အစွမ်းတွေကြောင့်
မနမရှ တုမမျှကြမ်းပါတဲ့
လူ့ဘဝလမ်း .....။



www.burmeseclassic.com

www.burmeseclassic.com

# ၆၆။ အနိုင်အရှုံး

*　မြိုင်ဝေမှာ ပျော်ရွှင်စရာပေါ့
တောတန်းက ထိုမိုင်ငြိမ်၊

*　အားအပြည့်ခင်
နွားမိခင် မျှော်တာတော်တွေနှင့်
ရမ်းဝတ်ထော သူ့ရင်သွေးကို
နို့ချိုကျွေး နေသည့်မျိုး ....။

*　လူသားရဲ့ ဒေါသမီး
လုံ့နှင့်မျိုး ရက်စက်စိတ် ...။

*　မြေတုန်အောင် လေဟုန်ခွင်းပါလို့
ထန့်ပြင်းစွာ မိုးဝိန်ခြွေလည်း
မေတ္တာရေ အဖွဲ့အတွေးကို
ဖြစ်ဘယာတွေ မဝံ့စားတယ်
အရှိန်အား
စံထား
ကံတရား အမြဲမှိုင်မှာ
လုံ့သွားချေလိမ့် ....။



www.burmeseclassic.com

www.burmeseclassic.com

## ၆၇။ ဖြူအရောင်

(ရုပ်သေးချင်း)

* အရောင်ထဲ
နှောင်စွဲတွယ်ငင်
ဆင်ခြင်မတွေး ... အဝေး ...။

* စိတ်တာရှေ့ကို၊ စိတ်ရှေ့ထင်လို့
ခင်ရှာသလော, မင်သလော ...။

* ညစ်အဖြူကို၊ ချစ်သူမြင်လို့
ခင်ရှာသလော,မင်သလော ...။

* စိုးရွံ့ကြောက်ဖွယ်
ချော့မြူခွယ်တယ် ....။

* ဘယ် - ဘယ်ကို - ဘယ်ကိုရယ်ဖျက်
လူမျိုးဖျက်လို့ ....။

* ဘယ် - ဘယ်ကို - ဘယ်ကိုရယ်လှမ်း
သွေးသားခြောက်ခန်း
သေတွင်းလှမ်းလို့ .....။



www.burmeseclassic.com

www.burmeseclassic.com

*     ဘယ် - ဘယ်ကို - ဘယ်ကိုရယ်ခြော
မျိုးနွယ်ခြောက်လို့ .....။

*     ကြိုးဝါးဟောက်စဉ်
ထိတ်ကြောက်ဖွယ်မြင်
အိမ်မောင်လျှင်-ရှောင်ကြဉ်သင့်ပါပြီကလား

*     မူးယစ်ဖြူရယ်လေ
တကယ့်ရန်မှား.....။



www.burmeseclassic.com

www.burmeseclassic.com

## ၆၈။ အပြန်ခရီး

*　ဓာတ်ရိပ်ဌာန်၊ အညာဆန်လျက်
အမြန်ရထား၊ ဆိုဖာများနှင့်
အပ်ပါးကာလပ်က စီးခဲ့သည် .....။

*　တစ်တွဲလုံးကြည့်၊ ဟန်အပြည့်နှင့်
တုဏှိဘာဝေ၊ ဂုဏ်သရေတို့
ရှုမြှေ့ရင့်ကျက်၊ မစပ်ယှက်ကြ
ဆက်ဆံမှုကင်း၊ အချင်းချင်းလေ
ပျင်းစရာကြီး၊ သူတို့ပုံသို့
ကိုယ့်ခုံပေါ်ငိုက်၊ ငါပင်လိုက်ခဲ့
မောဟိုက်နွမ်းရိ နေမချည့် .....။

*　အပြန်ခရီး၊ အမြန်စီးခဲ့
အသီးသီးနွဲ၊ ရိုးရိုးတွဲလေ ....။

*　ခရီးသွားချင်း၊ မိတ်ဖွဲ့ရင်းဖြင့်
ရှိုင်းပင်းကူညီ၊ ချိုကြည်နွေးထွေး
ကျေးမွေးတုံ့ပြန်၊ ဆက်ဆံရင်းနှီး
ခရီးအဖော် တစ်နည်းပျော်မိ .....။



www.burmeseclassic.com

www.burmeseclassic.com

*      အညာဓညာ

ဓလာဘာဝန်းကျင်၊ ရွှေဆင်ခြင်မိ
အသွင်ခြားနား၊ ထင်အရှားပေါ့
လူသားဆင်ဆင်၊ မှုအားမှန်စွာ
အမြမ်ခရီး၊ ဟန်မကြီးဘဲ
ဆီးတောအရှိ ရင်ဝှိတ် .....။
သည်ကြောအသိ အစဉ်ငြိ .....။



www.burmeseclassic.com

www.burmeseclassic.com

## ၆၉။ ချစ်အစွဲ

(လေးချိုး)

*　အဝေးနယ် ဟန်အလှာမွေးသည်ထင့်
အတွေးလွယ် ကြံကာမနေး
ပျံကာပြေးပါတဲ့ ငှက်ကလေးရယ်။

*　အပြစ်မပြောပါ
စစ်ကြောကာ ကြာရှည်မနောကိုလ
အနှစ်သဘောဖြာ ဌာနေသဘော
လောကပြန့်ကျယ် ....။

*　သမွှေဥ
ဟန်အသွင် အလှည့်အပြောင်းကိုဖြင့်
ဉာဏ်အမြင် မရှဲ့မစောင်းပါနှင့်
ကြောင်းကျိုးဆက် သံသရာနယ်
ကံကြမ္မာနွယ်လို့ ဆိုမလား ။

*　ဘယ်အခြေ
ဘယ်မြေမှာ ဘယ်လိုရောက်သော်လည်း
မျှော်ထောက်ခါ သာသည့်မြေဒ္ဒီ



www.burmeseclassic.com

www.burmeseclassic.com

မော်လောက်စရာ ဉာဏ်တွေနှင့်
ဇာတိမြေ ချစ်အစွဲကို
နိုင်မြဲစေသား ....။ ။



www.burmeseclassic.com

www.burmeseclassic.com

## ၇၀။ ချိုးငှက်သို့

* လောဘလွှမ်း၍ .....
လမ်းလည်းမကြည့်၊ ကမ်းမသိတော့
စွမ်းသည့်အားအင်၊ တပ်မက်ဉာဉ်ဖြင့်
လိုချင်မှုစွဲ၊ မရှောင့်ရဲနိုင် .....။

* ဒေါသကြွမ်း၍ .....
ယန့်လည်းမမြွေး၊ စမ်းမအေးတော့
လွှမ်းရေးမာန်ဝင်၊ မိုက်ရိုင်းဉာဉ်ဖြင့်
ငြိုငြင်မှုကဲ၊ ရှောင်မလွှဲနိုင် .....။

* မောဟကန်း၍
နေ့မှန်းမသိ၊ ညမရှိတော့
မှားသည့်အသွင်၊ အမှန်ထင်လျက်
ဝိပြင်မှုလွှဲ၊ မဝေခွဲနိုင် .....။

* လောဘ, ဒေါသ .....
မောဟညစ်နွမ်း၊ မာနလွှမ်းသော်
စခန်းမွေ့သိမ်၊ လောကအိမ်၌
မငြိမ်မသက်၊ အလှပျက်၍



www.burmeseclassic.com

www.burmeseclassic.com

ပင့်သက်လှိုက်ဖို၊ တေးမချိုတော့
နပျိုသစ်ဆန်း၊ မငြိမ်းချမ်းလျှင်
ထိန်းစွမ်းနိုင်မှုရှိလေမှ .....။



www.burmeseclassic.com

www.burmeseclassic.com

# ၇၁။ နွေလုပ်အားနှင့် နွေစပါး

(ဗုံထောက်သံ)

*　ပြည်မြန်မာ တွယ်တာလွှမ်းပါလို့
လယ်ယာစခန်း မျိုးအမွေ၊
ထည်ဝါအစွမ်း ဖြိုးဝေသည်
တိုးဖွေကာခွန်အား
ပေါင်းစည်းလို့ အလှဖန်သည်
(အလိုဗျာ - ) ဘဝမာန် ဆန်းတင့်ဝင့်ကြွား။

*　သည်ဌာနေ သာကြည်မျှပါလို့
ရာသီအလှစုံလင်၊
တာရှည်ဘဝ ဂုဏ်အင်ကို
ကုန်အစဉ်ထင်ရှား
အင်းအိုင်ချောင်း ရေအဟုန်ကို
(အို အလို-) မြေအကုန် စိုက်ရို့မနား။

*　တို့ရပ်မြေ ဆွေအများရယ်တို့
ရေမရှား အရဆွယ်၊
နွေစပါး အလှကြွယ်သည်
ဘဝနယ်ဖွံ့ဖြိုး



www.burmeseclassic.com

www.burmeseclassic.com

ဝင်ငွေတိုး အခြေခိုင်တယ်
(အလိုကွယ်-) တစ်နေ့ပိုင် လှမ်းပီတိဖုံး။

* ရွှေရာသီ စိမ်းမြမြ
လိမ်းသလို့ ဂုဏ်ထင်
ဟိမ်းသံသို့ ပုံအသွင်
ကြုံဆုံလျှင် ရှုမော . . . .။
ရိက္ခာတိုး နှန်းမြင့်ဘို့မှာ
(အလိုဗျာ-) လျှမ်းတင့်စုံ ဖြိုးမောက်ဝပြော။



www.burmeseclassic.com

www.burmeseclassic.com

## ၇၂။ မိုက်မလင်းပေဘူး
(လေးချိုး)

* ချိုကြည်သာ အနုအလှတွေနဲ့
သမုဒယဆိုတဲ့ သံယောစဉ်။

* လအရောင်
မြတောင်မှတ်အောင်
လှည့်ပတ်ဉာဏ်ဆင်။

* အမှန်တရားကိုလ
ဉာဏ်အသွား မထင်မြင်
မဆင်ခြင်လို့ အမှောင်ဖုံး၊

* တဒင်္ဂအမျှော်
ရှင်ပျကာ တမော်မော်နဲ့
အမော်တမင်မင် အမောဓာတ်မှာလ
အမျှော်တငင်ငင် အတောမသတ်နိုင်ဘူး
အမျှောမရပ်ပါ စလေ့ဘုံမို့
သည်ရိပ်မြို့ မိုးအချုပ်မှာမြင့်
ကွယ် . . . . ကြိုးရှုပ်နေတုန်း။ ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

## ၇၃။ နှင်းတုမမြင်

*　ကြီးမြတ်သည့် ဂုဏ်ကိုဆောင်
မြင်းမိုရ်တောင် ပမာပြ . . . .။

*　နက်ရှိုင်းသည့် ဂုဏ်အရာ
သမုဒ္ဒရာ ပမာပြ . . . .။

*　အေးမြသည့် ဂုဏ်ကိုဖွေ
သီတာရေ ပမာပြ . . . .။

*　မွှေးလှသည့် ဂုဏ်အလွှာ
ပန်းစုံစွာ ပမာပြ . . . .။

*　နှိုင်းချင်ရာနှိုင်း
တိုင်းချင်ရာတိုင်း
တုနှိုင်းမဲ့ အလှစုံ
မိဘဂုဏ် မေတ္တာအောက်
လွှင့်ပျောက်ကြေမှု . . . .။



www.burmeseclassic.com

www.burmeseclassic.com

# ၇၄။ အလှစွမ်းရည်

*　နေ ·····

အခြေမပယိုင်၊ အနေမှိုင်လျက်

ကိုယ်ပိုင်အလင်း၊ ဆန်းခြင်းဆုတ်ခြင်း

အလျှင်းမရှိ၊ လုံးဝန်းပြည့်လျက်

စွမ်းဘိရောင်ခြည် နိုင်မြဲတည်။

*　လ ·····

ဘာဝမနိုင်၊ အလှပြိုင်လည်း

မပိုင်အလင်း၊ မပြည့်တင်းဘဲ

ဆန်းခြင်းဆုတ်ခြင်း၊ ခြမ်းစိတ်ခြင်းဖြင့်

ညအခင်းတိုင်းပင်၊ မပီပြင်သည်

သခင်ဆင့်မှ တင့်တော့၏ ······။



www.burmeseclassic.com

www.burmeseclassic.com

# ၇၅။ အလင်း

(တျာချင်း)

* သေချာစေ့ငု၊ ရှေးရှုကမ္ဘာတစ်ခွင်
နိုင်ငံလူမျိုး၊ ကောင်းကျိုးဂုဏ်မြင့်တင်
စာပေ့ရွှမ်းအင်္ဂါ ပေါ်ထင်ဖြန့် 'လွှမ်း'
ကောင်းသည်ဆိုးသည်၊ ကြောင်းကျိုးမှီ
ပြန်လည်ပြောဆို 'စွမ်း'သည်နှင့်လေး ။

* စာပေညစ်နွမ်း၊ လျှောက်လှမ်းရီးနှင်
အဆင့်နိမ့်ကျ၊ ဘဝမပီပြင်
အလှမမြင်၊ အစဉ်ကျွာ 'ခြား'
ပျက်သုဉ်းပေစာ၊ လူမျိုးချာ
နစ်နာဆုံးရှုံး 'များ'သည်နှင့်လေး။

* တိုးတက်မြင့်မား၊ ဝင့်ကြွားနိုင်ငံ
အဆင့်ဂုဏ်မြတ်၊ သတ်မှတ်အခြေခံ
ယဉ်ကျေးမှုပာန်၊ နည်းမှန်ကျင့် 'သုံး'
စိန်ကျောက်စာပေ၊ ထိန်တောက်ဝေ
ကြာလေဓာင့်သည့် 'ထုံး'ရယ်နှင့်လေး။



www.burmeseclassic.com

www.burmeseclassic.com

*　ဘဝမရှုံး၊ ခြယ်မှုန်းဤလှသောင်
ရှေ့ဆောင်လမ်းပြ၊ ထွန်းပသူ့အရောင်
အမိုက်အမှောင်၊ စွမ်းဆောင်ထိန်'လင်း'
ဖွံ့ဖြိုးသိဉာဏ်၊ ဂုဏ်တင့်ဟန်
ဖိုးတန်အလှ 'ခင်း'သည်နှင့်လေး။

*　စာပေရှင်းသန့် ထက်မြက်စွမ်းအင် ဖွင့်မှသည် ....။
*　မြဝေသင်းပျံ့ ဆက်လက်လမ်းထွင် တင့်ကြမည် ....။



www.burmeseclassic.com

www.burmeseclassic.com

## ၇၆။ တရားရင်ဆိုင် ဝါဒပြိုင်သော်

*　　ဝေသာလီပြည်၊ လိစ္ဆဝီတို့
မင်းညီမင်းသား၊ အတတ်ပွားဖို့
သင်ကြားပြသ၊ သစ္စက တဲ့
ပို့ချပညာ မင်းဆရာပေါ့ .....။

*　　ပြိုင်လိုပြိုင်ကြ
ဝါဒလမ်းစဉ်၊ ငါနှင့်ယှဉ်လျှင်
ယှဉ်သူတုန်လှုပ်၊ ချွေးပင်သုတ်ရ
သစ်ငုတ်တုံးတိုင်၊ လှုပ်ယိမ်းယိုင်၏
အနိုင်ကြုံးဝါး၊ ဂုဏ်ဝင့်ကြွားလျက်
ပြောကြားအစဉ် မာန်ဟိတ်ဆင် .....။

*　　သစ္စက, က ...
လာကြစုံညီ၊ လိစ္ဆဝီတို့
ငါသည်လောက၊ ဂေါတမနှင့်
ဝါဒယှဉ်ပြိုင်၊ ရဲဝင့်ဆိုင်မည်
ဆွဲကိုင်တွန်းထုတ်၊ သိုးငယ်ကုပ်ကို
လှုပ်ရမ်းကစား၊ ပမာလားသို့
အနားစွန်းဆွဲ၊ ဖျာကြမ်းကျဲကို
ရေထဲပစ်ချ ဆွဲငင်ပြသို့ ...။



www.burmeseclassic.com

www.burmeseclassic.com

* ဂေါတမ၏ ...
ဝါဒလမ်းစဉ်၊ အပြစ်တင်၍
ဆွဲငင်ကိုင်ရမ်း၊ အနိုင်လွှမ်းအံ့
ငါစွမ်းသိရှိ၊ လိုက်ခဲ့ဘိလော့ တဲ့ .....။

* တပည့်ငါးရာ
နောက်ပါပြည့်ဝ၊ သစ္စက က
ဗုဒ္ဓထံပါး၊ အရောက်သွား၍
တရားရင်ဆိုင် ဝါဒပြိုင်သော် .....။

* 'ဗုဒ္ဓလမ်းမှန်၊ အနိစ္စံ
ရုပ်နာမ်ဟူက၊ အနတ္တ'
အတ္တဝါဒ သစ္စက .....။

** ဗုဒ္ဓအရှင်၊ လက်တွေ့ယှဉ်၍
ပီပြင်စွာတွေး၊ အဖြေမေးလည်း
ဖြေရေးမလွယ်၊ မျက်နှာငယ်နှင့်
ဖုံးကွယ်မရ၊ အရှက်ရ၍
ချွေးစပြိုင်ပြိုင်၊ တုမနိုင်ပြီ
ယှဉ်ပြိုင်မရ၊ အရှုံးရ ......
ဒေးဒိုင်မှိုင်ချ၊ သစ္စက .....
ရုပ်နာမ်နှစ်ဝ၊ အနိစ္စ ......
သတ္တလောက၊ အနတ္တ .....။ ။



www.burmeseclassic.com

www.burmeseclassic.com

## ၇၇။ မိဂဒါ

* နေခြည်ဖျော့တော့၊ ဆည်းဆာကြွေဝယ်
ပြေးဆော့လေပြည်၊ လရောင်ကြည်နှင့်
ဝေစည်တင့်ဖြာ မိဂဒါ .....။

* ရစ်ခွေပတ်သန်း၊ အေးမြစမ်းနှင့်
ပန်းပေါင်းဝေစီ၊ ပွင့်ဖုံညီသည်
ထုံကြည်သင်းဖြာ မိဂဒါ .....။

သမင်၊ ဒရယ်၊ ယုန်၊ သားမျိုးစုံတို့
နိုလှုံကြည်အေး၊ ဘေးမဲ့ပေးသည်
မွေးထွေးဖွယ်ရာ မိဂဒါ .....။

* ကြည်နူးဖွယ်ရာ၊ မိဂဒါဝယ်
လက်ယာလက်ဝဲ၊ အစွန်းကဲသည့်
အစွဲပယ်ခွာ၊ ဖွေရှာသိရှိ
မချိုမ ပဋိပဒါ၊ ဒေသနာကို
သစ္စာဟောကျူး၊ တရားဦးဟု
ငါးဦးဝဂ္ဂီ၊ ကျွင့်မြတ်တည်အောင်
ရှင်ကြည်မိန့်ဟာ မြတ်ဗုဒ္ဓ .....။



www.burmeseclassic.com

www.burmeseclassic.com

*  အယောဝတ

လောကသုံးဘုံ၊ ဒုက္ခမြို့မှ
လွှမ်းမြူရှုန်းထွက်၊ တရားစက်ကို
မြန်ကြွက်ပက်ဖျန်း၊ မေတ္တာလွှမ်းသည်
ငြိမ်းချမ်းလှပ မိဂဒါ .....။ ။



www.burmeseclassic.com

www.burmeseclassic.com

# ၇၈။ အေးရိပ်မြုံ

(တေးထပ်)

*　　သံသရာ သည်ခလေ့မှာလ
　　မတည်မြဲ ခရီးရှည်
　　ကြည်မွေ့ခဲ့ ခရီးသည်မှာ
　　မနီးပြီကွာလှမ်း။

*　　တစ်ခဏ တွေ့ခိုက်ကြုံ
　　မွေ့စရိုက်စုံ ဟုတ်လိမ့်ရော်ရမ်း။

*　　တစ်မိုးချုပ် တစ်နေဝင်
　　တစ်မွေ့ကြည် တစ်မိုးဆန်း
　　ငွေသစင် တညီးနွမ်း
　　အကျိုးလမ်းမျှော်ရည်၊

*　　အကြင်မှာ ချစ်စရာသက်ပါလို့
　　မေတ္တာလက် မြဲကြကိုယ်စီ၊

*　　သစ္စာဖက် ကတိစကားတည်လျှင်
　　အသိတရားညီမှုများနှင့်
　　လူသားတို့ရိပ်မြုံ
　　အေးချမ်းသည့်ဘုံ ၊

*　　လေအနံ့ ပန်းမွှေးထုံလျှင်
　　လမ်းလေးဆုံ နားချင်ဘူးပါ့လေး ။ ။



www.burmeseclassic.com

www.burmeseclassic.com

# ၇၉။ ပြန်ဝါမိုး

*　မှတ်သုံလိမ်းကျုံ၊ ပိတောက်ပန်း၍
ချိန်မှန်ညွှန်သည်၊ ချုံမြကြည်လျက်
မိုးစည်တော်ရွမ်း၊ ပြည်အဝန်းကို
ငြိမ်းချမ်းစေဖွယ်၊ မိုးပန်းနွယ်ဖြင့်
ဝင့်ကြွယ်လှပ၊ ဝတ်ရုံမ,၍
ခွန်းသ,ဖွင့်နိုး နှမမိုး ...။

*　တောင်ခိုးတောင်ငွေ့၊ တငွေ့ငွေ့နှင့်
လွှမ်း၍ထုံကာ၊ မြူပဝါကို
တစ်လွှာစီဖြန့်၊ စေတနာသန့်လျက်
မြေပြန့်တောင်ပေါ် မာန်ဝင့်ပျော်ခဲ့ ...။

*　လျှပ်ပန်းလျှပ်ခက်၊ ကနုတ်လက်နှင့်
မိုးစက်ပုလဲ၊ မြမျက်ရွဲကို
ဖွဲဖွဲညင်းညင်း၊ ရန့်သင်းလျက်
လယ်ကွင်းယာမြေ၊ လက်ဆောင်ဝေခဲ့ ...။

*　ဝင့်ဝင့်နေခြည်၊ ပွင့်ရွှေရည်နှင့်
ဆေစီတေးဟာစ်၊ ကကြိုးသစ်ကို



www.burmeseclassic.com

www.burmeseclassic.com

ဖျိုမျစ်မျက်နှာ၊ ကြည်နူးသာလျက်
မြေလွှာစိမ်းစိမ်း မြရည်လိမ်းခဲ့ ....။

*　မိုးနှမ .... ငှဲ
အလှဖွဲ့ကူ၊ စွမ်းခဲ့သူမို့
တောင်သူဦးကြီး၊ ရှမင်းကြ
ရွှေသီးဝေဆာ၊ တို့ပြည်ရွာမှ
ကြည်သာချမ်းငြိမ်း၊ လက်စသိမ်းလော့
ရှောင်တိမ်းထွက်ခွာ၊ နှုတ်ဆက်ပါ၏
သင်လာချိန်ရောက်၊ အကြို့ထောက်က
ဝမ်းမြောက်ကြည်သာ လာပါမိုး ....။



www.burmeseclassic.com

www.burmeseclassic.com

## ၈၀။ ဝန်းတို့သခင်

(လေးချိုး)

* မျက်နှာဆုံ မြင်အတွေ့မှာဖြင့်
ခက်စရာကြုံ့ တမင်ကွေ့ပါလို့
ဘဝင်မွေ့တပည့်ရယ် .....။

* မပျော့မပြောက် အခါခါ
အချော့အခြောက် အဖြာဖြာနှင့်
မလျော့အငေါက် မကြာကြာပေါ့
လိမ္မာစွာ ပညာလှအောင်
ဆုံးမခဲ့တယ် .....။

* ဟန်မဆောင် ....
မာန်မထောင် ဖြူသန့်ရှင်းပါလို့
အပြစ်ကင်း ကျောင်းသားရွယ်
ချစ်စဖွယ် မာန်ခွန်အား ... ။

** ခုအခါ ..... .
ပညာအရာ အထက်တန်းမြင့်ပါလို့
အာဏာပါဝါ ထက်စွမ်းတဲ့ အဆင့်တွေနှင့်



www.burmeseclassic.com

www.burmeseclassic.com

အလွှာလွှာမှာ မျက်နှာပန်းပွင့်ပြန်တော့
ဂုဏ်တင့်သူ မတွယ်တာလည်း
ငယ်ဆရာ အငြိုးမဖက်
ဘယ်အရာမှာလည်း အကျိုးမတွက်
မထည်ဝါ တစ်မျိုးခက်ပါလို့
(တပည့်ရှေ့ . . . ဆရာလို့ခေါ်ရမှာ)
စိုးရှက်လေသလား ။ ။



www.burmeseclassic.com

www.burmeseclassic.com

# ၈၁။ မြတ်ဆရာ

(ဘောလယ်)

*　မျှော်ရှုဂုဏ်ရောင်
ပုံဆောင်ကာ တိုင်းပေမယ့်
စုံအောင်ပင် နှိုင်းနိုင်ဘူး
နက်ရှိုင်းဖြာ
သဘောလှ လောကဝေဆာ
စေတနာ မိုးရယ်လေး
ဖြိုးစွေလို့ရွာ။

*　ချီးကြည်ထွေးပါတဲ့ မြတ်ဆရာ
မှတ်စရာသင်ပုံက ဘဝင်မှာစွဲ
ကြင်နာအမြဲသာပ ဆုံးမယှဉ်
လေးဂရု တွေးရှုဖွေမြင်
မကြွေစေချင် စခန်းမှာလေး
လန်းဝေဖို့သင်။

*　ကြိုင်စွာသင်းစေဖို့ သူ့ဥယျာဉ်
အထူးပြင်ဆင်ကာဖြင့် မလင့်ထုံး
အပွင့်ဆုံးကိုတဲ့ မျှော်ကိုးရည်



www.burmeseclassic.com

www.burmeseclassic.com

အေးမြဖေးမ တည်ကြည်
အစီအရီ ထူးတယ်လေး
ဦးတင်သချီး။

*　ဟိုငယ်စဉ်တုန်းဆီသို့ လွမ်းဝေသီ
လှမ်းရှေ့ပြီပေါ့ အရွယ်ညောင်း
ဘယ် ဘဝလိုပြောင်းပေမယ် ပေါင်းမေ့နိုင်
တမ်းတ မှန်းဆ စွဲမြိုင်
မြေမပြေနိုင် တွေးကာလေး
ဆွေးရဟာထုလှိုင်။

*　ကြာကြာလေမေ့နိုင်ဘူး ယနေ့တိုင်
သည်းအူဆိုင်သို့ အစဉ်ဖုံး
ရှင်ချို့နှလုံးမှာဖြင့် ပြုံးပန်းဆင်
သားတပည့်တို့ များသည့်ဂုဏ်အင်
ထုံထုံလွှင် မွှေးတယ်လေး
အေးမြရိပ်ဆင်။

(သဖြန့်)
*　ဆပ်စရာ
မြတ်ဆရာ ဂုဏ်အထူးကိုလ
ကျေးဇူးတွေစွဲ။



www.burmeseclassic.com

www.burmeseclassic.com

*　ဘဝအစုံစုံ
အလှတွေ အဖုံဖုံနှင့်
သည်ရိုပ်မြုံ ကြွသည့်လမ်းမှာ
လွှမ်းပီတိကဲ ။ ။



www.burmeseclassic.com

www.burmeseclassic.com

# ၈၂။ မြတ်ဝုဏ်ရည်

* မဃဒေဝ

အလှလင်္ကာ၊ ရတနာ၌

ကဗျာမြွတော၊ စာနဝေကို

ရှုလေမခန်း၊ အံကာဘနန်းမို့

မျှော်မှန်းရော်ရည်၊ ဦးနိမ်ချီသည်

' မန်လည်အကျော်ဆရာတော်သို့ '.....။

* ပါရမီတော်ခန်း .....

အလျှမ်းတောက်တောက်၊ အဆန်းမောက်၍

အံ့လောက်သည့်ပျို့၊ နို့ချိုစို့သို့

နှိုင်းဖို့မလွယ်၊ စာပေနယ်၌

ဖွံ့ကြွယ်သိမြင်၊ ဦးထိပ်တင်သည်

' အရှင်မဟာသီလဝံသ ဆရာတော်သို့ ' .....။

* ဘူရိဒတ်နှင့် .....

ခတ်ပေါင်းခန်းပျို့၊ ကိုးခန်းပျို့တို့

နှစ်မြို့ဖွယ်ထုံ၊ စာရဂုံဟု

ဂုဏ်အထပ်ထပ်၊ လင်္ကာမြတ်ကို

ကြည့်မှတ်အစဉ်၊ ဦးပန်ဆင်သည်

' အရှင်မဟာရဋ္ဌသာရ ဆရာတော်သို့ '.....။



www.burmeseclassic.com

www.burmeseclassic.com

*     အလှတောလား .....
ထင်ရှားနှုရှု၊ သဘာဝကို
ပသာဒဖွဲ့၊ စာအနွဲ့၌
လိုက်ခဲ့ဟုခေါ်၊ သာယာပျော်မိ
မှန်းမျှော်ဆလျှင်၊ ဦးရှိတင်သည်
' အရှင်ဥတ္တမကျော် ဆရာတော်သို့ '.....။

*     မြန်မာစာပေ၊ စာအမွေတို့
ကြာလေမွေးထုံ၊ ရနံ့စုံသည့်
ရဂုံကြိုင်သင်း၊ စာပန်းခင်းဝယ်
လေညင်းသန့်သန့်၊ အားမာန်ခံ့လျက်
တည်တံ့စည်ပင်၊ ဂုဏ်စွမ်းအင်တို့
ဝီပြင်သမှု၊ ကြည်လင်နှု၍
နှိုင်းတုမမြင်၊ ရှိဦးတင်သည်
ရင်၌ဖူးသော ကြာမုံဖြင့် ။ ။



www.burmeseclassic.com

www.burmeseclassic.com

# ၈၃။ ပုဂံအားမာန်

*　သရုပ်ပါဟု
ထည်ဝါဝင့်ကြွား၊ ဂုဏ်မြင့်မားဓါ်
တံခါးဓါ်ဟန်၊ ဓာတ်မာန်တို့
နိုင်ငံခံ့တည်၊ စည်းလုံးညီသည်
ရွှေပြည်မြေမှာ၊ ဆေစည်ဖြာဟု
စဉ်လာခလေ့၊ ကြင်နာငွေ့ဖြင့်
ပြန်၍ ပြောဆိုနေဆဲပါ.....။

*　သရုပ်ပါထိပ်၊ တမာရိပ်မှ
လွမ်းစိတ်ဝေသီ၊ ပုဂံပြည်
စေတီဘုရား၊ နေခြည်လွှား၍
ခွန်အားပြည့်စုံ၊ မြန်မာ့ဂုဏ်ကို
မွေးထုံရနံ့ပျံ့ဆဲကို.....။

*　အရိမဒ္ဒနာ၊ နော်ရထာဟု
သမ္မာလျှမ်းတင့်၊ ဘုန်းကံမြင့်ဓါ်
အားနှင့်မာန်ချီ၊ နှလုံးရည်တို့
စွမ်းရည်ခွန်အား၊ စွမ်းပကားတို့
စွန့်စားစိတ်ဓာတ်၊ စိတ်မွန်မြတ်တို့
လွှမ်းပတ်ဖွဲ့ချီ၊ နိုင်ငံတည်သည်
ရွှေပြည်အလှ၊ ပထမနိုင်ငံတော်.....။



www.burmeseclassic.com

www.burmeseclassic.com

*　　အနော်ရထာ.....

မေတ္တာလွှမ်းခြုံ၊ တိုင်းရင်းစုတို့
ရိုဝ်မြို့ပေါင်းစု၊ အင်အားပြုလျက်
ပြည်သူ့အားဖော်၊ စစ်သည်တော်ဟု
မျှော်ခေါ်အလင်း၊ စည်းလုံးခြင်းဖြင့်
တောင့်တင်းခိုင်မာ၊ တပ်မဟာကို
ထည်ဝါတည်ထောင်၊ သတ္တိပြောင်သည့်
စွမ်းဆောင်အင်အား၊ ဝင့်ဝင့်ကြွားလျက်
စွန့်စားရဲသွေး၊ အားမာန်မွေးသည်
ပြည်ရေးလှုပနိုင်ငံတော်.....။

*　　အနော်ရထာ.....

ဘာသာမစစ်၊ အမှောင်နစ်သည့်
ဆိုးညစ်အသွင်၊ တိုက်ထုတ်နှင်၍
ရှင်အရဟံ၊ ဘာသာမှန်ကို
ဖွံ့သန်ထွန်းကား၊ စည်ပင်ပွားအောင်
တရားကျိုင်ဆုပ်၊ ကြိုးစားထုတ်ခဲ့
ဗုဒ္ဓမြတ်စွာ၊ သာသနာ၏
ရောင်ဝါထိန်လျှံ၊ ပြည်ပုဂံဝယ်
မှုမှန်ထွန်းတောက်၊ ပျံ့နှံ့ရောက်ခဲ့
အံ့လောက်ဖွယ်စုံ၊ ကျေးဇူးဂုဏ်.....။



www.burmeseclassic.com

www.burmeseclassic.com

*　　အနော်ရထာ ·····

လယ်ယာဖွံ့ထား၊ ပြည့်အင်အားဟု

စပါးရတနာ၊ ပြည့်ဝမ်းစာဟု

တာတာမံဆည်၊ ရေမြောင်းသွယ်လျက်

ရည်ရွယ်ချက်မှန်၊ ကောက်သီးနှံတို့

ပြည့်လျှံစေဖြိုး၊ ရိက္ခာတိုးအောင်

စိုက်ပျိုးရေးမှု၊ အခြေယူသည်

ပြည်သူကြိုးစား အလုဝေ·····

ညီတူတိုးပွား မနေ့ွ·····

ကြည်ဖြူရှိးသား ဘဝအခြေ·····။

*　　သည်တံခါးမှ·····

အင်အားဖြိုးမောက်၊ ရဲရဲတောက်သည့်

သွေးသောက်ရဲဘော်၊ စစ်သည်တော်တို့

ဝင့်မော်ကျုးဟစ်၊ ရဲသွေးချစ်သည့်

စစ်ခရာသံ၊ စစ်ချီသံတို့

ဆူညံထွက်ဝင်၊ ကြားလျက်ပင်·····။

*　　သည်တံခါးမှ·····

ရိုးသားပွင့်လင်း၊ မှျတခြင်းဖြင့်

ရိုင်းပင်းညီတူ၊ များပြည်သူတို့



www.burmeseclassic.com

www.burmeseclassic.com

ကြည်ဖြူလွှမ်းပြုံ၊ တရားနုနှင့်
ကောင်းမှုယူရန် ဘုရားထံသို့
သွားပြန်ထွက်ဝင်၊ မြင်လျက်ပင်.....။

*	စည်ပြောသံချို.....
ဘယ်လိုနှိုင်းတုံ၊ ဝပြောမှုနှင့်
ပြည်သူ့ စွမ်းအား၊ နိုင်ငံအားကို
တံခါးမဟာ၊ သရုပ်ပါက
ထည်ဝါဖြိုးသန့်၊ သည်နိုင်ငံဟု
ပုဂံသရုပ်၊ အမှန်ထုတ်၍
ဂုဏ်ပုဒ်ဖွင့်ဆိုနေဆဲကို ..........။

▲▲▲▲▲▲▲▲▲▲▲▲▲



www.burmeseclassic.com

www.burmeseclassic.com



၂၀၀၂ ခုနှစ်၊ စာပေဗိမာန်စာမူဆု
ကဗျာပေါင်းချုပ် တတိယဆုရ
''သစ္စာရိပ်မြုံ ပန်းမှုန်နံ့လှိုင်ကဗျာများ''
ရေးသူ - ဇာနည်

မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ကန်မြဲကျေးရွာ အုပ်စု မြို့ဘုရွာ၌ အဖ ဦးဘို၊ အမိ ဒေါ်ရွှေဥတို့မှ ၁၃၀၉ ခုနှစ်၊ နှောင်းတန်ခူးလတွင် မွေးဖွားသည်။ ၁၄ နှစ်သားတွင် သတ္တမတန်း အောင်မြင်ပြီး သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သည်။

မြို့ဘုရွာကျောင်းတိုက်၊ မြင်းခြံကိုးဆောင်တိုက်၊ ပြည်ဇေတဝကာရုံတိုက်၊ မန္တလေးဓွေးချိုတိုက်၊ ဘုရားကြီးတိုက်တို့တွင် သီတင်းသုံး၍ ပရိယတ္တိစာပေများ သင်ကြားဆည်းပူးခဲ့သည်။ ၁၉၈၂ ခုနှစ်၊ နိုဝင်ဘာလ မြဝတီမဂ္ဂဇင်းပါ ''စာဆိုပန်း'' ကဗျာဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့ပြီး စာနယ်ဇင်းများတွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါးများ ရေးသားခဲ့သည်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး စာပေပြိုင်ပွဲဆုရ ''ရွှေအလှာမြအဖူး ကဗျာများ (၁၉၉၁)''နှင့်''စကားထဲက ဇာတိမာန်ကဗျာများ (၁၉၉၃)''တို့ကို စာပေဗိမာန်မှ ပုံနှိပ်ထုတ်ဝေခဲ့သည်။

၁၉၉၆ ခုနှစ်တွင် ''ရွှေပြည်နန်းက ပန်းကလေးများ'' ကလေးကဗျာ စာအုပ်ကို ထုတ်ဝေခဲ့သည်။

ပဓာန နာယကဆရာတော်အဖြစ် စာပေပရိယတ္တိပို့ချခြင်း၊ စာပေရေးသားပြုစုခြင်းများ ပြုလုပ်လျက်ရှိသည်။

ဘွဲ့အမည်တော် ဦးဇဝန ဖြစ်သည်။

နေရပ်လိပ်စာ ဓမ္မရက္ခိတပရိယတ္တိစာသင်တိုက်၊
သမိုင်း (၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်။

www.burmeseclassic.com